## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဥ္စ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၅၃)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်နေ့
၂၀၂၅ ခုနှစ်၊ ဇွန် ၁၀ ရက်၊ အင်္ဂါနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း သောက်သုံးရေလုံလောက်စွာရရှိရေး ထိရောက်လျင်မြန်သောအစီအမံ(Quick Win Plan)ဖြင့် ဆောင်ရွက်သွားမည်







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ★**

**ဆောင်းပါး**

**ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းတွင် ဓာတ်မြေဩဇာနှင့်တွဲဖက်၍ သစ်စိမ်းစိုက်ပျိုးထည့်သွင်းခြင်း၏အကျိုးကျေးဇူးများ** (စာ-၇ သို့)

**ကျောင်းပညာရေးဖြင့် မတက်ရောက်နိုင်သည့်ကလေးများအား ကျောင်းပြင်ပပညာရေး၏ တန်းညှိပညာရေးအစီအစဉ်ဖြင့်တက်ရောက်နိုင်ရေး ပြည်သူများသို့အသိပေး** (စာ-၁၃ သို့)



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၁၀ ရက်)

# သဘာဝပတ်ဝန်းကျင် အလှဆင်

သစ်ပင်များစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကိုအထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသကောင်းများရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ စိုက်ပျိုးကြခြင်းဖြစ်သည်။ လူသားတိုင်းသည်အရိပ်အာဝါသကောင်းမွန်ပြီး စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကိုကြိုက်နှစ်သက်ကြသည်။ သဘာဝကပေးထားသည့် စိမ်းလန်းစိုပြည်မှုများမပျက်စီးစေရန် လူသားများကပင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်လျော့နည်းလာသည့်အခါတွင်လည်း လူသားများကပင်ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်သည်။ တပ်မတော်သည် ပြည်သူလူထု၏အကျိုးစီးပွားကိုအစဉ်ဦးထိပ်ထားသည်နှင့်အညီ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြုလုပ်လျက်ရှိသည်။

ဇွန်လ ၆ ရက်တွင် ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများအနေဖြင့် ရေဆင်းဆည်ပတ်ဝန်းကျင်၌ ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးမှုများဆောင်ရွက်ခဲ့ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့မှုမှာ ၄၁ ကြိမ်ရှိခဲ့ပြီဖြစ်သည်။ **"အစကောင်းမှအနှောင်းသေချာ"** ဆိုသည့်အတိုင်း အစကောင်းအောင်ဆောင်ရွက်လျက်ရှိသည်။ တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် စိုက်ပျိုးပြီးသည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးကိုလည်း အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုမှာ ၄၂ ဒသမ ၆ ရာခိုင်နှုန်းခန့်သာရှိတော့ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ရေဝေရေလဲတောများရှိပါက ရေထိန်းသိမ်းမှုများကို ပိုမိုဆောင်ရွက်နိုင်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အလားတူ "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားခိုနိုင်သည်" ဟုဆိုရိုးရှိကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးမှုများကို အကျိုးရှိစွာဖြင့် ဆောင်ရွက်ကြစေလိုကြောင်း"** ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် ပထမအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားအမှာစကားတွင်ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သည့်နှစ်က နိုင်ငံအတွင်းမုန်တိုင်းမိုးကြောင့် ရေကြီးရေလျှံမှုများကိုခါးသီးစွာ ခံစားခဲ့ရသည်။ အလားတူ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများမှာ လူများကြောင့် ပျက်စီးမှုများရှိသကဲ့သို့ သဘာဝတရားကြီး၏ Climate Change ပြောင်းလဲမှုများကြောင့် ထိခိုက်မှုများလည်းရှိနေသည်။ ထို့ကြောင့် အသိဉာဏ်ရှိသည့်လူသားများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၀ ပင်၊ ပျဉ်းကတိုး ၆၀၀ ပင်၊ ပိတောက် ၃၀၀ ပင်၊ မဟော်ဂနီ ၆၀၀ ပင် စုစုပေါင်း ၂၄၀၀ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၂ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၃၆၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၈၀၄၃ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀၅၀၀ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၀၂၂ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၇၅၈ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၉၂၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၅၇၇၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၅၇၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၈၀၉၄ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၆၈၂၀ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၁၄၂ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၀၀၄၁ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၇၅၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၅၂၈၄၄ ပင်ကို စိုက်ပျိုးခဲ့ကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကိုအလှဆင်နိုင်ခဲ့ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# မြိတ်မြို့ မစိုးရိမ်စာသင်တိုက်၌ အပတ်စဉ် ဓမ္မစကူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

မြိတ် ဇွန် ၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် မစိုးရိမ်စာသင်တိုက်ဘုန်းတော်ကြီးကျောင်း၌ ဓမ္မစကူးအပတ်စဉ်သင်တန်းများကို တနင်္ဂနွေနေ့တိုင်းဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိရာ ဇွန်လ ၈ ရက်တွင် ဓမ္မစကူးသင်တန်းကိုသင်ကြားပေးကြောင်း သိရသည်။

အဆိုပါ အပတ်စဉ်ဓမ္မစကူးသင်တန်းကို မစိုးရိမ်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တတေဇောဘာသကြီးမှူး၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်ကြားရေးနည်းပြဆရာ သံဃာတော်များနှင့် ဆရာ၊ ဆရာမများက အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မြတ်ဗုဒ္ဓ၏အခြေခံအကြောင်းအရာများနှင့် ယဉ်ကျေးမှုစာပေဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ KG တန်းမှ Grade-7 အထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၃၇ ဦးတက်ရောက်သင်ကြားလျက်ရှိကြောင်းသိရသည်။

(၄၁၂)

# မျိုးစေ့နှင့် သွင်းအားစုများထည့်သွင်းနိုင်ရန် ပံ့ပိုးငွေပေးအပ်ပွဲကျင်းပ

လင်းခေး ဇွန် ၉

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်းဖြစ်ပွားခဲ့သော ရာဂိမုန်တိုင်းနှင့်ဆက်စပ်သည့် ရေကြီးရေလျှံမှုနှင့် တောင်ပြို၊ မြေပြိုမှုများကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်အတွင်းရှိ ဒါးဆိပ်၊ ပုန်းထွန်၊ ဝမ်တိန်း၊ ဝမ်ဟတ်၊ မအွန်လောင်း၊ နားကုန်းကျေးရွာအုပ်စုတို့မှ တောင်သူ ၉၀၈ ဦး၏ စိုက်ပျိုးမြေဧရိယာ ၁၆၇၁ ဧကပျက်စီးခဲ့ရာ ယင်းပျက်စီးဧကများအတွက် မျိုးစေ့နှင့်သွင်းအားစုများထည့်သွင်းနိုင်ရန် ပံ့ပိုးငွေပေးအပ်ခြင်းအခမ်းအနားကို ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် လင်းခေးမြို့ နွယ်ဝတီခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် လင်းခေးခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ လင်းခေးခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးနှင့် လင်းခေးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်တို့က တာဝန်ရှိသူများအား ပံ့ပိုးငွေများပေးအပ်ကြသည်။

ထို့နောက် လင်းခေးမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ပံ့ပိုးငွေပေးအပ်ရေးအဖွဲ့များက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ပံ့ပိုးငွေကျပ် စုစုပေါင်း ၁၆၇၁ သိန်းကို တောင်သူများ၏လက်ဝယ်အရောက်ပေးအပ်သည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

မြဝတီ ဇွန် ၉

ကရင်ပြည်နယ် မြဝတီမြို့နယ် ရေပူကျေးရွာရှိ ဘုရင့်နောင်စာကြည့်တိုက်၌ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာတွင် မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက စာကြည့်တိုက်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးရာဌာနဖြစ်ကြောင်း၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်လာပါက စာပေဖတ်ရှုသူလူငယ်များ၏ လက်ရုံးရည်၊ နှလုံးရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အသိပညာဗဟုသုတတိုးပွားလာစေနိုင်ကြောင်းပြောကြားပြီး မြဝတီခရိုင် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းဝေက စာအုပ်စာစောင်များလှူဒါန်းရသည့်ရည်ရွယ်ချက်နှင့် စာအုပ်စာစောင်များ ထိန်းသိမ်းဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြဝတီခရိုင် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းဝေက သုတ/ရသ စာအုပ်စာစောင် ၃၂၀ ကိုပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းမျိုးညွန့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ကျေးရွာစာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ စာကြည့်တိုက်လုပ်ငန်းစနစ်တကျရှိစေရေး၊ စာကြည့်တိုက်ရှိစာအုပ်စာစောင်များမပျောက်ပျက်အောင် ထိန်းသိမ်းနိုင်စေရေးနှင့် လစဉ်စာအုပ်စာစောင်များ ရရှိနိုင်စေရေးအတွက် ခရိုင်စာကြည့်တိုက်ဖောင်ဒေးရှင်း၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၆)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုနှစ် ငါးလတာကာလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် နိုင်ငံခြားခရီးသွားဧည့်သည် ၁၁၈၀၀၀ ကျော် ဝင်ရောက်




ရန်ကုန် ဇွန် ၉

ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် နိုင်ငံခြားခရီးသွားဧည့်သည် ၁၁၈၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကြီးကြပ်မှုဦးစီးဌာနမှ သိရသည်။

၂၀၂၄ ခုနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် ၁၇၀၀၀ ကျော် ပိုမိုဝင်ရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် ဝင်ရောက်လာသော နိုင်ငံခြားခရီးသွားဧည့်သည်များထဲတွင် အများစုမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှဖြစ်ကာ Business Visa ဖြင့် အများဆုံးဝင်ရောက်ကြောင်း သိရသည်။

"၂၀၂၅ ခုနှစ် ဇန်နဝါရီလကနေ မေလကုန်အထိ ငါးလတာကာလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်က တစ်ဆင့် နိုင်ငံခြားခရီးသွားဧည့်သည် ၁၁၈၀၀၀ ကျော် ဝင်ရောက်ထားပြီးဖြစ်ပါတယ်။ အဲဒီလိုဝင်ရောက်လာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ Business Visa နဲ့ လာရောက်ကြတဲ့ ခရီးသွားဧည့်သည်တွေက အများဆုံးဖြစ်ပါတယ်။ ဒုတိယအများဆုံးက Tourist Visa နဲ့ လာရောက်ကြတာများပါတယ်။ နောက်ပြီး e-Visa နဲ့ ဝင်ရောက်လာကြတဲ့ ခရီးသွားဧည့်သည်တွေလည်း အများအပြားရှိပါတယ်။ အများဆုံးလာရောက်တဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေက တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ကပဲဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကြီးကြပ်မှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် တောင်ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ ဗီယက်နမ်၊ ရုရှားနှင့် အမေရိကန်အပါအဝင် တခြားပြည်ပနိုင်ငံတချို့မှ ခရီးသွားဧည့်သည်များလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ဝင်ရောက်လာကြသည်။

ယခုအခါ မိုးရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် ကမ်းခြေဒေသများသို့ သွားရောက်လည်ပတ်သော နိုင်ငံခြားခရီးသွားဧည့်သည် နည်းပါးသွားပြီး တခြားခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်သူ ပိုမိုများပြားလာကြောင်း သိရသည်။

ဆောင်းဦး

# ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန်နှစ်သန်းခန့်တင်ပို့ရန် လျာထားဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၉

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် နှစ်သန်းခန့်တင်ပို့ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ထိုသို့တင်ပို့ရာတွင် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ ဘီလီယံခန့်တန်ဖိုးရှိသည့် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈၃ သန်း တင်ပို့မည်ဖြစ်သည်။

"ပဲမျိုးစုံကို အိန္ဒိယနိုင်ငံကို အဓိက တင်ပို့နေတာပါ။ ပဲမျိုးစုံထဲမှာ အဓိကပို့ကုန်တွေကတော့ မတ်ပဲ၊ ပဲတီစိမ်းတွေပါ။ ဈေးကွက်အသစ်ထက် လက်ရှိတင်ပို့နေတဲ့ဈေးကွက်တွေကို ပိုမိုတင်ပို့နိုင်ဖို့ ကြိုးပမ်းနေပါတယ်။ ပဲမျိုးစုံတင်ပို့ရာမှာ ပင်လယ်ရေကြောင်းကနေတစ်ဆင့်



အဓိက တင်ပို့နေပါတယ်"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံမှပဲမျိုးစုံကို အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ပြီး တရုတ်နိုင်ငံအပြင် ဥရောပသမဂ္ဂနိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ပဲမျိုးစုံတင်ပို့ရာတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲယဉ်း၊ ထောပတ်ပဲ စသည့် ပဲအမျိုးအစားပေါင်း ၂၀ ခန့် တင်ပို့လျက်ရှိကြောင်း၊ ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၂ ဒသမ ၁၄ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဝါဝါ

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီး ၉၈၁ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ ဇွန် ၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီး ၉၈၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီး ၉၈၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စက်တင်ဘာလအထိ စိုက်ပျိုးမည်ဖြစ်ကာ လက်ရှိတွင် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ပဲကြီး ၉၈၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ အချိန်မီစိုက်ပျိုးနိုင်ဖို့ လယ်ယာမြေထွန်ယက်ပြုပြင်တာတွေဆောင်ရွက်နေပါတယ်။ လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ သီးနှံအရည်အသွေးနဲ့ အထွက်နှုန်းကောင်းစေဖို့ လိုအပ်တဲ့စိုက်ပျိုးရေးနည်းစနစ်တွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျသုံးစွဲဖို့ စတဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးမှာပါ"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဒေသနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ လိုက်နာဆောင်ရွက်ရေး စသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံစေရုံသာမက ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)




# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်သည် အိပ်စင်ပါသောတွဲအတွက် လက်မှတ်နှစ်စောင်ယူရာတွင် အောက်ထပ်၌မရဘဲ အထက်ထပ်တွင်ရ၍ ကိုသိန်းဖေနှင့်ကျွန်ုပ်အကြားတွင် ရာဇမတ်ကွက်ခြားလျက်ရှိ၏။ ကျွန်ုပ်တို့သည် ၂၁ ရက် ညရှစ်နာရီတွင်ထွက်သောရထားကို စီးကြရန်ဖြစ်ရာ ကိုသိန်းဖေက "လမ်းမှာပျော်ဖို့ တစ်ခုခုတော့ ပါပစေဗျာ"ဟုပြောသည်နှင့် အသင့်စီမံလာခဲ့၏။ ရထားထွက်၍ တစ်နာရီကျော်ကျော်ကြာသည့်အခါ ခရီးသည်များသည် စကားတပြောပြောရှိကြရာမှ တဖြည်းဖြည်းငိုက်မျဉ်းလာကြ၍ များသောအားဖြင့် အိပ်ပျော်ကြလေပြီ။ ပဲခူးဘူတာကိုကျော်လွန်သောအခါ ကိုသိန်းဖေက "ဘာများပါခဲ့သလဲဗျို့"ဟု မေးသည်နှင့် ဖော့ပိတ်ထားသည့် ဖန်ပြွန်ကလေးတစ်ခုကို ရာဇမတ်အကြားမှ သူ့ဘက်သို့ ထိုးပေးလိုက်၏။ ကိုသိန်းဖေသည် ဖန်ပြွန်ကလေးကိုကိုင်ကြည့်ရင်း အလွန်ပြုံးရွှင်သောမျက်နှာထားဖြစ်ပေါ်လာလေ၏။ ဖန်ပြွန်ကလေးထဲတွင် ကုတ်ကင်းသုံးကျပ်ဖိုးပါရှိလေသည်။

"ဟန်ကျလိုက်တာဗျာ။ ကျုပ်တို့မကုန်ပါဘူး။ ဦးချစ်စုဖို့တောင် ပါနိုင်သေးတယ်"ဟု ကိုသိန်းဖေက ပြောသော်လည်း သူ၏လောဘကြီးသောဝါသနာကို သိ၍ ကျွန်ုပ်ပြုံးမိသေးသည်။ တခြားခရီးသည်များသည် ရထားပေါ်တွင် တခေါခေါနှင့်အိပ်မောကျလျက်ရှိကြစဉ် ကိုသိန်းဖေနှင့် ကျွန်ုပ်သည် ဖန်ပြွန်ကလေးကို ရာဇမတ်ကွက်ကြားမှ ဟိုဘက်သည်ဘက် အပြန်အလှန်ထိုးသွင်းပေးကာ တစ်ယောက်တစ်လှည့်ပွတ်လိုက်ကြသည်မှာ သန်းခေါင်ကျော်လင်းအားကြီးအချိန်သို့တိုင်ရောက်ခဲ့လေပြီ။ ပြောလိုက်ကြသည့်စကားမှာလည်း ရပ်နားကြသည်မရှိတော့ချေ။ သုံးပုံတစ်ပုံခန့်ကျန်တော့သည်တွင်မှ ကျွန်ုပ်က ဦးချစ်စုဖို့ မကျန်ဘဲရှိတော့မည်ဟု သတိပေး၍ ရပ်လိုက်ကြရသည်။ ကျွန်ုပ် ကုတ်ကင်းပွတ်ဖူးသည်မှာ ခြောက်ကြိမ်ထက်မနည်း ရှိခဲ့ဖူးပြီးဖြစ်သော်လည်း ဤတစ်ကြိမ်ကဲ့သို့ ကတ်ကတ်သတ်သတ်ခဲခဲယဉ်းယဉ်းနှင့် လူသူမသိအောင် တထိတ်ထိတ်တလန့်လန့်ပွတ်ကြခြင်းမျိုးကိုမကြုံဖူးသဖြင့် စိတ်ထဲ၌ မြိန်ရှက်လိုက်ပုံမှာ ပြောဖွယ်ရာမရှိချေ။ ထို့ကြောင့်လည်း 'ခိုးစားရသောသစ်သီးသည် အချိုဆုံးဖြစ်သည်'ဟု အင်္ဂလိပ်စကားပုံတစ်ခုက ဆိုထားခြင်းဖြစ်၏။ ကျွန်ုပ်တို့၏ပျော်နည်းသည် ကလေးသူငယ်များ၏ပျော်နည်းမျိုးသို့ လျှောဆင်းလျက်ရှိသော်လည်း လူကြီးဖြစ်လာပြီးမှ ကလေးသဖွယ် တစ်ခါတစ်ရံ ပြန်လည်လျှောဆင်းရခြင်း၏အရသာကို လူတိုင်းနားလည်ကြသည်မဟုတ်ချေ။ တစ်ယောက်အကြောင်းကိုတစ်ယောက် အူမချေးခါးမကျန် အလုံးစုံသိ၍ တစ်ခါတလေမှ ဆော့ရခြင်း၏အရသာကို ရှာရှာဖွေဖွေကြိုက်တတ်သည့်သူငယ်ချင်းမျိုးရှိသော လူများသည်သာလျှင် ကျွန်ုပ်တို့၏ဖိမ်(အရသာ)ကို နားလည်နိုင်ကြမည်ဖြစ်လေသည်။



### ကိုသိန်းဖေ ကြည်နူးပုံ

မန္တလေးသို့ နံနက်စောစော ရထားဆိုက်သွားကြသောအခါ ကျွန်ုပ်သည် ကိုသိန်းဖေအား မြစ်ကြီးနားရထားပေါ်သို့ တင်ပေးလိုက်ရာ ကိုသိန်းဖေသည် ဦးချစ်စုအတွက် လက်ဆောင်ကလေးပါသည်ဆိုကာ ပြုံးစိပ်ပြုံးစိပ်ဖြစ်နေသည်ကို ကျွန်ုပ်မြင်ရ၏။ အစုံပျော်ချင်တတ်သော လူအချင်းချင်းအဖို့၌ ပျော်စရာအသစ်အဆန်းကလေးတစ်ခု ရှားရှားပါးပါးလက်ဆောင်ပေးရခြင်းသည် ပေးသူ၌လည်းကောင်း၊ လက်ခံရသူ၌လည်းကောင်း၊ ဘယ်လောက်ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်ကို တခြားလူများ နားလည်နိုင်ကြမည်မထင်ပေ။ ဦးချစ်စုသည် နယ်ပိုင်ဝန်ထောက် လူစုံကြီးတစ်ယောက်ဖြစ်၍ ဤလက်ဆောင်သည် အဆန်းမဟုတ်သော်လည်း ကသာမြို့ကဲ့သို့သောနေရာ၌ ဤလက်ဆောင်မျိုးရခြင်းအတွက် ဝမ်းမသာဘဲမနေနိုင်ဟု ကျွန်ုပ်တို့ တွက်မိကြသည်။ ရထားထွက်ခါနီး၌ ကိုသိန်းဖေသည် ကျွန်ုပ်မှတ်မိသလောက်တွင် ကျွန်ုပ်၏လက်ကို အများဆုံးလှုပ်ခါဆွဲယမ်းသွားလေသည်။

### ရန်ကုန်အတွက် သမိုင်းဝင်နေ့ကြီး

ထိုနေ့မှာ ဒီဇင်ဘာလ ၂၂ ရက်ဖြစ်သည့်အတိုင်း ကျွန်ုပ်သည် ရုံးသို့သွား၍ အမှုဆိုင်ရ၏။ ကျွန်ုပ်တို့ ရန်ကုန်ခရီးမှလာခြင်းနှင့် နှိုင်းစာလျှင် တရားခွင်၌ စစ်ဆေးမေးမြန်းခြင်းများသည် မဖြစ်စလောက်သာကြာသည်ဟုဆိုသင့်၏။ တစ်နာရီကျော်ကျော်နှင့်ပင် အချိန်စေ့၍ ရက်ချိန်းပေးလိုက်သဖြင့် ကျွန်ုပ် ရုံးဆင်းလာခဲ့၍ မန္တလေးရှိမိတ်ဆွေများ၏အိမ်သို့ လည်ပတ်ရ၏။ မိမိပြုသောအမှုမဟုတ်ပါဘဲလျက် တရားခံဖြစ်နေသည်ဆိုကာ စကားတင်စီးပြောတတ်ကြသော်လည်း ကျွန်ုပ်အဖို့မှာ မိမိ၏ဇာတိဖြစ်သော မန္တလေးမြို့သို့ တစ်လတစ်ခေါက်ဆိုသလို (သူ့စရိတ်နှင့်) လာရခြင်းအတွက် ဝန်လေးသည်မထင်ဘဲ အပြောင်းအလဲရ၍ ဦးနှောက်ပင် ကြည်လင်သေးသည်ထင်၏။ ထိုနေ့ ညရထားနှင့် ရန်ကုန်သို့ပြန်လိုက်၍ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက် နံနက်တွင် ရန်ကုန်သို့ ပြန်ရောက်ခဲ့ရာ ထိုနေ့သည်ကား ရန်ကုန်မြို့သမိုင်းတွင် အမှတ်တရနေ့ထူးကြီးတစ်ရပ်ဖြစ်ပါတော့သည်။ အကြောင်းမူကား ဂျပန်လေယာဉ်ပျံများသည် ထိုနေ့တွင် ရန်ကုန်မြို့ကြီးကို ပထမအကြိမ်ဗုံးများကြဲချခြင်းဖြစ်ပါသောကြောင့်တည်း။

### ပေါ့လျော့သည့် ကင်းစောင့်တပ်

ကျွန်ုပ်သည် မန္တလေးမှ ပြန်ရောက်လာ၍ ထမင်းစားပြီးသည့်နောက် သူ့ရုံးတိုက်သို့ အလုပ်မဆင်းမီ အိမ်ဦးခန်း၌ ခေတ္တခဏ ပက်လက်လှန်လျက်ရှိစဉ် တဝီဝီမြည်သောအသံများကိုကြားသည်နှင့် နားစွင့်လျက်ရှိရာမှ 'ဝုန်း ဝုန်း'မြည်သောအသံဆိုးကြီးများကြား၍ ကတိုက်ကရိုက်ထလိုက်မိသည်။ နောက်တစ်ခဏ၌ ယင်းအသံများသည် တခြားမဟုတ်၊ လေယာဉ်ပျံများ အပေါ်မှ ဗုံးများကြဲချသည့်အသံများဖြစ်ကြောင်း သိလိုက်ရသည်။ ဖြစ်ရပုံမှာ ရန်ကုန်မြို့ကြီး၌ လွန်ခဲ့သောရက်သတ္တ တစ်ပတ်နှစ်ပတ်မှစ၍ လေကြောင်းအချက်ပေးဥသြများဖြင့် မကြာခဏ စမ်းသပ်ကာ မြို့သူမြို့သားများအား တပ်လှန့်လာရာ အဟုတ်တကယ် ဂျပန်လေယာဉ်ပျံများက ဗုံးကြဲရန်ရောက်လာကြသောအခါတွင်မှ ဗုံးလေးငါးလုံးကြဲချပြီးသည့်တိုင်အောင် ဥသြမဆွဲရသေးဘဲဖြစ်ခဲ့ရလေသည်။ ဤအကြောင်းကို ကျွန်ုပ် နောင်တွင် စုံစမ်းကြည့်သောအခါ ဂျပန်လေယာဉ်ပျံများသည် ရန်ကုန်မြို့သို့ဝင်လာရာတွင် နေရှိသောဘက်မှ ဝင်လာကြခြင်းဖြစ်၍ လေယာဉ်ပျံစောင့်တပ်သားများသည် (နေ၏အရောင်ကြောင့်) ရန်သူ့လေယာဉ်ပျံများကို မမြင်နိုင်ကြဘဲရှိကြသည်ဆို၏။ မည်သို့ဖြစ်စေ ကျွန်ုပ်မှာ ဗုံးကြဲသံများနှင့် အချက်ပေးဥသြသံအနက် ဗုံးကြဲသံကို ရှေးဦးစွာ ကြားလိုက်ရကြောင်း ကျမ်းကိုင်၍ ထွက်ဆိုဝံ့ပါသည်။ ကျွန်ုပ်သည် ပက်လက်လှန်ရာမှ ကပျာကယာထပြီး အိမ်ရှေ့ဝရန်တာမှ အသံကြားရာဘက်(မြစ်ဘက်)သို့ မျှော်ကြည့်လိုက်ရာတွင် ဖွေးဖွေးဖြူသောလေယာဉ်ပျံများကို အစင်းလိုက် အစင်းလိုက် ကွင်းကွင်းကွက်ကွက်မြင်ရပါတော့သည်။ ကျွန်ုပ်တို့၏နေအိမ်၌ ကျွန်ုပ်တို့လင်မယားအပြင် ခယ်မသားအမိ (ညီ၏မယား)တို့ရှိရာ "ဗုံးကြဲတယ်"ဟု ကျွန်ုပ်က ပြော၍ ကာကွယ်ရေးကျင်းရှိရာသို့ ဆင်းပြေးကြလေ၏။

### အချောင်ရသောဘွဲ့

ကာကွယ်ရေးကျင်းမှာ အိမ်သုံးလုံးရှိလူများအတွက် စုပေါင်းတူးဖော်ထားခြင်းဖြစ်ရာ ကျွန်ုပ်တို့ရောက်သွားကြသောအခါတွင် ကျင်းထဲ၌ လူများပြည့်လုမတတ်ရှိနေကြလေပြီ။ ကျွန်ုပ်သည် ကျွန်ုပ်၏အိမ်သားများကို ကျင်းထဲသို့တွန်းထည့်၍ ကျွန်ုပ်ကိုယ်တိုင်မူကား တွင်းဝတွင်ထိုင်ကာ လေယာဉ်များကို မော့ကြည့်လျက်ရှိ၏။ ဂျပန်တစ်ခေတ်လုံးတွင် ကျွန်ုပ်သည် ကာကွယ်ရေးကျင်းထဲသို့ တစ်ကြိမ်တည်းသာ ဆင်းခဲ့ဖူး၏။ ဤသည်မှာလည်း လူအများက ဝိုင်း၍ဆွဲကြသောကြောင့်ဖြစ်၏။ ဤအတွက်ကြောင့် တချို့လူများက ကျွန်ုပ်အား သတ္တိကောင်းပေသည်ဟု ချီးကျူးကြလေရာ အမှန်မှာ သတ္တိကောင်းသောကြောင့်မဟုတ်၊ ကျွန်ုပ်၏တွက်ကိန်းကြောင့်ဖြစ်လေသည်။ ကျွန်ုပ်သည် အသစ်အဆန်းဆိုလျှင် မြင်ချင်၊ ကြားချင်၊ တွေ့ကြုံချင်သောဝါသနာရှိလေရာ ထိုအတွက် အတော်အတန်စွန့်စားဖို့ရန်လည်း အသင့်ရှိ၏။ တစ်ကြောင်းမှာလည်း တွင်းဝ၌ထိုင်သောလူတစ်ယောက်ထက် တွင်းထဲမှလူများက ပို၍လုံခြုံသည်ဟု ကျွန်ုပ်မယူဆချေ။ ဗုံးတည့်တည့်ကျ၍ တွင်းဝမှ လူသေလျှင် တွင်းထဲကလူများလည်း သက်သာရာရကြမည်မထင်ပေ။ သို့ဖြစ်၍ ကျွန်ုပ်မှာ ဂျပန်ခေတ်၌ အကြိမ်ပေါင်းများစွာ ဗုံးကြဲလေယာဉ်ပျံများနှင့်ကြုံခဲ့ရာတွင် အချောင်သက်သက် သူရသတ္တိဘွဲ့ရခဲ့သူတစ်ယောက်ဖြစ်လေသည်။ တစ်ခုတော့ ရှိပါသည်။ ဗုံးကြဲလေယာဉ်ပျံများလာသောအခါ ပထမအကြိမ်ကတည်းက မျက်လုံးဝိုင်းပြီး တောင်ပြေးမြောက်ပြေး ပြေးတတ်သောလူစားမျိုးတွင်ကား အပါအဝင်မဟုတ်။ အချက်အလက်ကိုစောင့်ကြည့်နိုင်အောင် သတိတရားရှိပါသည်။

ဆက်လက်ဖော်ပြပါမည်။

## မြဝတီမြို့နယ် ရေပူစမ်းကျေးရွာရှိ ဘုရင့်နောင်စာကြည့်တိုက်သို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်း

မြဝတီ ဇွန် ၉

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရန်၊ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် ကျေးရွာစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းကို ဇွန်လ ၈ ရက်က ရေပူစမ်းကျေးရွာရှိ ဘုရင့်နောင်စာကြည့်တိုက်၌ ပြုလုပ်သည်။

ရှေးဦးစွာ မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက စာကြည့်တိုက်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးရာဌာနဖြစ်ကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာပါက စာပေဖတ်ရှုသူ လူငယ်များ၏ လက်ရုံးရည်၊ နှလုံးရည်များ ဖွံ့ဖြိုးတိုးတက်လာပြီး အသိပညာဗဟုသုတ တိုးပွားလာစေနိုင်ကြောင်း ပြောကြားပြီး မြဝတီခရိုင် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းဝေက စာအုပ်စာစောင်များ လှူဒါန်းရသည့် ရည်ရွယ်ချက်နှင့် ထိန်းသိမ်းဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ပြောကြားသည်။

ထို့နောက် မြဝတီခရိုင် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းဝေက သုတ/ရသ စာအုပ်စာစောင် ၃၂၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းမျိုးညွန့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ချမ်းမြေ့

# ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်ပျိုးဥယျာဉ်အတွင်း ဆေးဖက်ဝင် ဂမုန်းမျိုးစိတ် ၂၀ နှင့် မြန်မာ့ရှားပါးသစ်ခွမျိုးစိတ် ၆၀ ထိန်းသိမ်းစောင့်ရှောက်ထား

နေပြည်တော် ဇွန် ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်း၌ သင်တန်းသားအိပ်ဆောင်များ စနစ်တကျထားရှိမှု၊ ကွန်ပျူတာခန်းမနှင့် စာသင်ဆောင်များတွင် သင်ကြားပို့ချနေမှုအခြေအနေနှင့် သစ်တောကျောင်းဝင်းအတွင်း သာယာလှပရေးဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၄ မျိုးဖြင့် ပျိုးပင်၁၄၁၀၀၀ ကျော်ပျိုးထောင်ထားရှိမှု၊ ဆေးဖက်ဝင် ဂမုန်းမျိုးစိတ် ၂၀ နှင့် မြန်မာ့ရှားပါးသစ်ခွမျိုးစိတ် ၆၀ ထိန်းသိမ်းစောင့်ရှောက်ထားမှုကိုကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်မြို့နှင့် ပတ်ဝန်းကျင် အထူးစိမ်းလန်းစိုပြည်ရေး၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေး အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌနေ့ကျင်းပ

နေပြည်တော် ဇွန် ၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့(ဆဋ္ဌနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၆ ဌာနတို့၌ စာရင်းသွင်း ၁၆၉၄၉ ပါး/ ဦးအနက် ၁၃၅၀၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၆၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

၁၃၈၇ ခုနှစ် (၂၀၂၅ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၉-၆-၂၀၂၅

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ပထမကြီး | ၇၄၂၅ | ၆၀၁၀ | ၁၄၁၅ | ၈၀.၉၄ |
| ၂ | ပထမလတ် | ၉၅၂၄ | ၇၄၉၆ | ၂၀၂၈ | ၇၈.၇၀ |
| စုစုပေါင်း | | ၁၆၉၄၉ | ၁၃၅၀၆ | ၃၄၄၃ | ၇၉.၆၉ |

# မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ မဟာဗျူဟာမြောက်စီမံကိန်းများတွင် ပါဝင်သည့် စွမ်းအင်ကဏ္ဍဆိုင်ရာစီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရေးဆွေးနွေး



နေပြည်တော် ဇွန် ၉

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရေနံ့သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီထားမှုများအပေါ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ယခင်ထက်ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏အလားအလာကောင်းသောကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းတို့အတွက် တရုတ်နိုင်ငံမှ ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ဆောင်ရွက်ဆဲကမ်းလွန်လုပ်ကွက်တွင် ဆက်လက်ဆောင်ရွက်မည့် ရှာဖွေ၊ တူးဖော်ရေးလုပ်ငန်းများအတွက်ပူးပေါင်းဆောင်ရွက်သွားမည့်တရုတ်ကုမ္ပဏီများအား တွန်းအားပေးကူညီဆောင်ရွက်ရေး၊ အရှေ့တောင်အာရှရေနံစိမ်းပိုက်လိုင်းမှ ရေနံစိမ်းများ ရယူပြီး ရေနံချက်စက်ရုံသစ်စီမံကိန်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်ရှိ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ မဟာဗျူဟာမြောက်စီမံကိန်းများတွင်ပါဝင်သည့် စွမ်းအင်ကဏ္ဍဆိုင်ရာ စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ မြဝတီ

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၏ပြယုဂ်တစ်ခုဖြစ်သည့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co., Ltd. (TPE) မှ Chief Engineer Mr. Akeksandr Senin အား ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) အောင်မြင်စွာ စတင်လည်ပတ်နိုင်ရေးအတွက် စာချုပ်မူဘောင်ပါသတ်မှတ်ချက်များ အမြန်ဆုံးပြီးမြောက်နိုင်ရန် TPE ကုမ္ပဏီမှ နည်းပညာကျွမ်းကျင်ပညာရှင်များ၊ သံနှင့်သံမဏိဆိုင်ရာ ပညာရှင်များနှင့် မြန်မာနိုင်ငံဘက်မှ နည်းပညာကျွမ်းကျင်ပညာရှင်များပူးပေါင်း၍ အောက်ဆီဂျင်အလုပ်ရုံ ပြန်လည်ဆောင်ရွက်ခြင်းနှင့် စမ်းသပ်လည်ပတ်ခြင်း၊ Romelt အလုပ်ရုံအား ပိုမိုထိရောက်စွာလည်ပတ်နိုင်မည့်နည်းလမ်းများကို အကြံပြုဆွေးနွေးခြင်း၊ ဘာသာရပ်အလိုက် နည်းပညာများလွှဲပြောင်းပေးခြင်း၊ သင်တန်းများပို့ချပေးခြင်း၊ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၏ပြယုဂ်တစ်ခုဖြစ်သည့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်၍ ဆွေးနွေးညှိနှိုင်းသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စက်ရုံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

မြဝတီ



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂၃)သင်တန်းဖွင့်

ရန်ကုန် ဇွန် ၉

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၃)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရတနာသိင်္ခခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းသား၊ သင်တန်းသူများသည် နောင်တစ်ချိန်တွင် နိုင်ငံတော်၏အဓိကတာဝန်များကို ထမ်းဆောင်ရမည့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် စိတ်ဓာတ်နှင့်စွမ်းရည်မြင့်မားသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ လိုက်ပါကြိုးစားဆောင်ရွက်ကြပါလို့ တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများနှင့်သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၃)သို့ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ သင်တန်းသား ၉၂ ဦး၊ သင်တန်းသူ ၉၈ ဦး စုစုပေါင်း ၁၉၀ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန်လ ၉ ရက်မှစက်တင်ဘာလ ၃ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ပွင့်ဖြူမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်


ပွင့်ဖြူ ဇွန် ၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးလုပ်ငန်းများကို ဇွန်လ ၉ ရက်တွင် မြို့မစည်ပင်သာယာဈေးကြီး၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်ဦးဆောင်သောဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့်အတူ မြို့မစည်ပင်သာယာဈေးသို့ သွားရောက်ပြီး ဈေးသူဈေးသားများနှင့်တွေ့ဆုံကာ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် ဈေးရောင်းဈေးဝယ်ပြုလုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ကိုဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန်နှင့် ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သော အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ကိုသာသုံးစွဲကြရန်၊ ဈေးဝယ်ရာတွင် မိမိတို့နေအိမ်မှ လက်ဆွဲခြင်း သို့မဟုတ် ထည့်စရာတစ်ခုခုကို တစ်ပါတည်းယူဆောင်လာကြရန် စသည့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးသိကောင်းစရာများကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မြို့မဈေးအတွင်း/အပြင်ရှိ ဈေးသူဈေးသားများနှင့် ဈေးဝယ်လာပြည်သူများထံ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးပြီး ဈေးရောင်းဈေးဝယ်ရာတွင် အသုံးပြုရန် အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)




# ကျောင်းသား ကျောင်းသူများ အသိပညာဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ရေးရာအသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၉



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇွန်လ ၈ ရက်က ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောတတ်ရည်က ယနေ့နိုင်ငံတော်၏ ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းရွက်နေသူများသည် တစ်ချိန်က ကျောင်းသား၊ ကျောင်းသူလူငယ်များပင်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် နိုင်ငံတော်အစိုးရမှ လူငယ်ကဏ္ဍမြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ မိမိတို့၏အနာဂတ်ကို ပိုမိုလှပအောင် စွမ်းဆောင်ရမည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာများနှင့်ပြည့်စုံသော နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရန် ဟန်ချက်ညီညီကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# မလှိုင်မြို့နယ် ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေကို ကွင်းဆင်းစစ်ဆေး

မလှိုင် ဇွန် ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှုအခြေအနေကို ဇွန်လ ၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ငွေကျပ် ၄၇ သိန်း ၄၅ သိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ တို့ကိုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေငံရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးအတွက် ငွေကျပ် ၁၈ သိန်း ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးအတွက် ငွေကျပ် ၁၉ သိန်း ၄ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးအတွက် ငွေကျပ် ၉ သိန်း ၅၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးအတွက် စီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၇ သိန်း ၄၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဧရာကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်း သီဟိုဠ်စေ့အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဧရာကြည် ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး ဧရာကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက ဒေသထွက်ကုန် သီဟိုဠ်စေ့အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဧရာကြည်မြို့နယ်၌ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ကြည်ငွေ၏ ပြောဆိုချက်အရ သိရသည်။

ဧရာကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်များတင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် မေလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း သီဟိုဠ်စေ့ပိဿာ ၇၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဧရာကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို သီဟိုဠ်စေ့တွေ တင်ပို့အားတက်လာပါတယ်။ ဒေသထွက်ကုန်သီဟိုဠ်စေ့တွေကို ကုန်ချောအဖြစ်ပြုလုပ်ပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလည်း အဝယ်လိုက်နေပါတယ်"ဟု ဒေါ်ကြည်ငွေကပြောသည်။

ဧရာကြည်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ကုန် သီဟိုဠ်စေ့များဈေးကောင်းရရှိနေကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် သီဟိုဠ်ပင်ကို မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်၊ လပွတ္တာခရိုင်နှင့် ပုသိမ်ခရိုင်တို့၌ စုစုပေါင်း ဧက ၆၅၀၀၀ အထိ အများဆုံးစိုက်ပျိုးကြကြောင်း၊ အဆိုပါဒေသထွက်ကုန် သီဟိုဠ်စေ့များကို ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းတွင် ဓာတ်မြေဩဇာနှင့်တွဲဖက်၍ သစ်စိမ်းစိုက်ပျိုးထည့်သွင်းခြင်း၏ အကျိုးကျေးဇူးများ

ဝါသီးနှံသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် အဓိက အရေးကြီးသော စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်ပြီး ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၇၅ နိုင်ငံကျော် စိုက်ပျိုးလျက်ရှိကြသည်။ ထို့ပြင် လူသားတို့၏ စား၊ ဝတ်၊ နေရေးတို့တွင် ဒုတိယကဏ္ဍဖြစ်သည့် အဝတ်အထည်ရရှိရေးအတွက် အရေးကြီးသောအဓိကသီးနှံတစ်မျိုးလည်းဖြစ်သည်။ ဝါသီးနှံ၏ အပင်ကြီးထွားဖွံ့ဖြိုးမှုသည် စိုက်ပျိုးမြေအနေအထား၊ ရာသီဥတုအခြေအနေနှင့် အသုံးချစိုက်ပျိုးရေးနည်းပညာအစီအမံများအပေါ်တွင်မူတည်လျက်ရှိသည်။ ဝါသီးနှံထုတ်လုပ်မှုများတိုးတက်မြင့်မားလာစေရန် စိုက်ဧရိယာများတိုးချဲ့စိုက်ပျိုးခြင်းသာမက အရည်အသွေးနှင့်အထွက်နှုန်းများ တိုးတက်ကောင်းမွန်စေရန် လိုအပ်သော အာဟာရဓာတ်များအား အချိုးကျ၊ အချိန်မီ စနစ်တကျ ထည့်သွင်းပေးရမည်ဖြစ်သည်။ ထို့ကြောင့် ဝါသီးနှံပင်အတွက်လိုအပ်သော အာဟာရဓာတ်များလုံလောက်စွာရရှိစေရန် ဝါသီးနှံအားသစ်စိမ်းသီးနှံများနှင့် တွဲဖက်စိုက်ပျိုးခြင်းဖြင့် မြေ၏ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိများ တိုးတက်လာမည်ဖြစ်သည်။ ဓာတုမြေဩဇာများအားသုံးစွဲ၍ သီးနှံများအား ဆက်တိုက်စိုက်ပျိုးပါက မြေဆီလွှာကျန်းမာရေးနှင့် မြေဆီလွှာဖွဲ့စည်းမှုများ ပျက်စီးယိုယွင်းလာမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးသီးနှံများအတွက် လိုအပ်သော ဓာတ်မြေဩဇာများဈေးနှုန်းမြင့်တက်ခြင်းနှင့် အလွယ်တကူ ဝယ်ယူ၍မရသော ပြဿနာများနှင့်ရင်ဆိုင်နေရသည်။ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် ကုန်ကျစရိတ်များလျှော့နည်းစေပြီး မြေ၏ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိများ တိုးတက်ကောင်းမွန်စေရန်၊ သီးနှံအထွက်တိုးတက်စေရန် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် သစ်စိမ်းသီးနှံ (ပဲမျိုးရင်းဝင်နှင့် ပိုက်ဆန်လျှော်)များအား စိုက်ပျိုးသီးနှံများဖြင့် တွဲဖက်၍စိုက်ပျိုးအသုံးပြုခြင်းကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

မြေဆီလွှာပြန်လည်ထိန်းသိမ်းခြင်းနှင့်မြေဆီလွှာထဲရှိသဘာဝမြေဩဇာများတိုးတက်လာစေရန်ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးနည်းစနစ်များတွင် သစ်စိမ်းစိုက်ပျိုးထည့်သွင်း အသုံးပြုခြင်းဖြစ်သည်၊ သစ်စိမ်းကို အမျိုးအစားအားဖြင့် (၁)သစ်ရွက်စိမ်းမြေဩဇာနှင့် (၂)သစ်စိမ်းမြေဩဇာသီးနှံဟူ၍ ခွဲခြားအသုံးပြုပြီး များသောအားဖြင့် သစ်စိမ်းမြေဩဇာသီးနှံစိုက်ပျိုးထည့်သွင်းခြင်းကိုသာအသုံးပြုကြပြီး သစ်ရွက်စိမ်းမြေဩဇာအသုံးပြုခြင်းမှာ နည်းပါးလှပေသည်။ မြေဆီလွှာအာဟာရဓာတ်တိုးမြင့်စေပြီး မြေ၏ရုပ်ဂုဏ်သတ္တိ၊ ဓာတုဂုဏ်သတ္တိနှင့်ဇီဝဂုဏ်သတ္တိများကိုပါ အကျိုးသက်ရောက်မှုရှိသည့် ပဲမျိုးရင်းဝင်အပင်များနှင့် ပိုက်ဆန်လျှော်ကဲ့သို့သော သစ်စိမ်းမြေဩဇာသီးနှံများကို စိုက်ပျိုးထည့်သွင်းခြင်းသည် မြေဆီလွှာကိုကောင်းမွန်အောင် ရေရှည်ထိန်းသိမ်းရာရောက်မည်ဖြစ်သကဲ့သို့ ဝါသီးနှံအပင်ကြီးထွားမှု၊ အထွက်နှုန်း၊ ဂွမ်းမွေးအရည်အသွေးများအပေါ်အကျိုးသက်ရောက်ပြီး ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်တို့နှင့် သဟဇာတဖြစ်သော စိုက်ပျိုးနည်းလမ်းတို့ကို လက်ခံကျင့်သုံးလာနိုင်မည်ဖြစ်သည်။

သစ်စိမ်းမြေဩဇာအဖြစ် ပဲမျိုးရင်းဝင်အပင်များဖြစ်သည့် ပဲလွမ်း၊ ပဲတီစိမ်းနှင့်မတ်ပဲစသည်တို့အပြင် ပိုက်ဆန်လျှော်အစရှိသည်တို့ကို ကြဲပက်စိုက်ပျိုးထားပြီး ပန်းမပွင့်မီ ၄၅ ရက်သားအချိန်တွင် ထယ်ထိုး မြေမြှုပ်ပေးခြင်းဖြင့် နောက်စိုက်ပျိုးမည့် သီးနှံအတွက် လိုအပ်သော အာဟာရဓာတ်များကို ရရှိစေသည်။ ထိုသို့ဆောင်ရွက်ခြင်းကို သစ်စိမ်းမြေဩဇာကျွေးခြင်းဟု ခေါ်ဆိုသည်။

ဝါသီးနှံစိုက်စနစ်သည် အတန်းလိုက်စိုက်ပျိုးပြီး တန်းကြားအကွာအဝေးထားကာ စိုက်ပျိုးသောသီးနှံဖြစ်ခြင်းကြောင့် တန်းကြားများတွင် သစ်စိမ်းများတွဲဖက် စိုက်ပျိုးထည့်သွင်းနိုင်သည်။ သစ်စိမ်းသီးနှံများ၏ ကြီးထွားမှုမြန်ဆန်ခြင်းသည် ဝါသီးနှံ၏ အပင်ကြီးထွားဖွံ့ဖြိုးမှုအပေါ်အဟန့်အတားမဖြစ်စေရန်အတွက် ဝါသီးနှံစိုက်ပျိုးခြင်းတွင် သစ်စိမ်းများတွဲဖက်စိုက်ပျိုးခြင်းကို ဝါပင်သားခွဲပြီးချိန်တွင် ဆောင်ရွက်သင့်ပေသည်။

ပဲမျိုးရင်းဝင်အပင်များနှင့် ပိုက်ဆန်လျှော်သစ်စိမ်းများအား ဝါစိုက်တန်းကြားများအကြားတွင် စိုက်ပျိုး၍ပြန်လည်ထည့်သွင်းခြင်းဖြင့် မြေဆီလွှာအာဟာရဓာတ်၊ ရုပ်ဂုဏ်သတ္တိနှင့် ဝါသီးနှံအပင်ဖြစ်ထွန်းမှုနှင့် အထွက်နှုန်းအပေါ် အကျိုးသက်ရောက်မှုကိုသိရှိစေရန် ၂၀၂၁၊ ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ် မိုးနှောင်းရာသီများတွင် ဝါသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ (ရွှေတောင်) ၌ သုံးရာသီဆက်တိုက်စိုက်ပျိုးစမ်းသပ်ဆောင်ရွက်ခဲ့သည်။ ပိုက်ဆန်လျှော်၊ ပဲတီစိမ်း၊ ပဲလွမ်း၊ ပဲယဉ်းသစ်စိမ်း

**သစ်စိမ်းများထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေဆီဩဇာတိုးတက်လာခြင်း၊ သဘာဝမြေဩဇာနှင့် အာဟာရဓာတ်များပေါင်းစည်းပေးခြင်း၊ မြေဆီလွှာ ဖွဲ့စည်းမှုနှင့် လေဝင်လေထွက်ကောင်းမွန်လာစေခြင်း၊ ပိုးမွှားရောဂါကျရောက်မှုအား ကာကွယ်နှိမ်နင်းပေးနိုင်ခြင်း၊ ပေါင်းမြက်များပေါက်ရောက်မှုသက်သာစေခြင်း၊ မြေဆီလွှာအကျိုးပြု အဏုဇီဝကောင်များနှင့် အခြားသက်ရှိများ၏ ကြီးထွားမှုကိုလှုံ့ဆော်ပေးခြင်းဖြင့် မြေဆီလွှာဖွဲ့စည်းပုံကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးကောင်းများရရှိစေနိုင်မည်ဖြစ်. . .**

အသီးသီးတို့အား သီးသန့်ထည့်သွင်းသည့် စမ်းသပ်ချက် လေးမျိုး၊ ၎င်းသစ်စိမ်းအသီးသီးတို့အား ဓာတ်မြေဩဇာ(ယူရီးယား ၁ ဒသမ ၅ အိတ် + တီစူပါတစ်အိတ် + ပိုတက်တစ်အိတ်/ဧက)နှင့် တွဲဖက်ထည့်သွင်းသည့် စမ်းသပ်ချက်လေးမျိုး၊ ဓာတ်မြေဩဇာသီးသန့် စမ်းသပ်ချက်တစ်မျိုးနှင့် ဗလာကွက် စမ်းသပ်ချက်တို့ဖြင့် စုစုပေါင်းစမ်းသပ်ချက် ၁၀ မျိုးအား ထပ်ပြုကြိမ်သုံးကြိမ်ဖြင့် စမ်းသပ်စိုက်ပျိုးခဲ့သည်။ စမ်းသပ်ချက်များအလိုက် သစ်စိမ်းများတစ်ရာသီလျှင် ပျမ်းမျှ ( ၃ ဒသမ ၄ – ၅ ဒသမ ၅ တန်)ခန့်ထည့်သွင်းနိုင်ခဲ့ပြီး မြေကြီးတွင် သဘာဝကာဗွန်နှင့် သစ်ဆွေးဓာတ်ပါဝင်မှုပမာဏတို့သည် မူလမြေထဲပါဝင်သည့် ပမာဏနှင့် လုံးဝအသုံးမပြုသည့် စမ်းသပ်ချက်တို့ထက်ပိုလာခြင်း၊ အပင်အမြစ်ကြီးထွားမှုကို အဟန့်အတားဖြစ်စေနိုင်သည့် မူလမြေ၏ သိပ်သည်းဆ ပမာဏသည် လျော့ကျလာခြင်းကို တွေ့ရှိရသဖြင့် မြေဆီလွှာဖွံ့ဖြိုးမှု ရှိလာကြောင်း တွေ့ရှိရသည်။

**ငွေးလှိုင်(ဝါ)**



စမ်းသပ်မှုတတိယမြောက်ရာသီအပြီးတွင် ဝါပင်ဖြစ်ထွန်းမှုအခြေအနေ၊တစ်ပင်ရှိသီးလုံး၊ ဝါတစ်ပေါက်အလေးချိန်နှင့် ဝါအထွက်နှုန်းတို့မှာ သိသာစွာကွာခြားခဲ့ပြီး ဝါထွက်အများဆုံးကို ဝါနှင့်ပဲလွမ်း၊ ဝါနှင့်ပဲယဉ်းသစ်စိမ်းတွဲပြီး စိုက်ပျိုးခြင်းမှရရှိခဲ့သည်။

စမ်းသပ်တွေ့ရှိချက်များအရ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းတွင် မြေဆီလွှာဂုဏ်သတ္တိများတိုးတက်လာမှု ဝါပင်ကြီးထွားဖွံ့ဖြိုးမှုနှင့် အထွက်နှုန်းကောင်းမွန်မှုများကြောင့် ဝါနှင့်အသင့်တော်ဆုံးသော တွဲဖက်သစ်စိမ်းသီးနှံမှာ ပဲလွမ်းနှင့် ပဲယဉ်းသစ်စိမ်းများဖြစ်သည်ဟု သုံးသပ်တွေ့ရှိရသည်။ ဝါသီးနှံစိုက်ပျိုးခြင်း၏ စိုက်ပျိုးနည်းစနစ်အားသာချက် (အတန်းအလိုက်နှင့်သီးသန့်စိုက်ပျိုးခြင်း) အခြေအနေတွင် သစ်စိမ်းအမျိုးမျိုးတွဲဖက်စိုက်ပျိုးနိုင်ပြီး မြေအတွင်းပြန်လည်ထည့်သွင်းခြင်းဖြင့် စိုက်ပျိုးမြေအတွင်း နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်ဆီယမ်တို့ ပြန်လည်ဖြည့်တင်းပေးနိုင်သောကြောင့် မြေဆီလွှာကောင်းမွန်လာပြီး အထွက်နှုန်းများတိုးတက်လာ၍ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူဖြစ်လာစေနိုင်သည်။

သီးနှံတစ်ခု စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း လိုအပ်သောကြောင့် ရေရှိသော်လည်း မြေညံ့ပါကလည်းကောင်း၊ တစ်နည်းအားဖြင့် ပျက်စီးနေသော မြေဖြစ်ပါက မျိုးစေ့ကောင်းဖြစ်သော်ငြားလည်းကောင်း၊ မြေကောင်းသော်လည်းနည်းစနစ်တကျ မစိုက်ပျိုးနိုင်ပါကလည်းကောင်း အောင်မြင်စွာဖြစ်ထွန်းနိုင်မည်မဟုတ်ပါ။

သစ်စိမ်းများထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေဆီဩဇာတိုးတက်လာခြင်း၊ သဘာဝမြေဩဇာနှင့် အာဟာရဓာတ်များပေါင်းစည်းပေးခြင်း၊ မြေဆီလွှာဖွဲ့စည်းမှုနှင့် လေဝင်လေထွက်ကောင်းမွန်လာစေခြင်း၊ ပိုးမွှားရောဂါကျရောက်မှုအား ကာကွယ်နှိမ်နင်းပေးနိုင်ခြင်း၊ ပေါင်းမြက်များပေါက်ရောက်မှုသက်သာစေခြင်း၊ မြေဆီလွှာအကျိုးပြု အဏုဇီဝကောင်များနှင့် အခြားသက်ရှိများ၏ ကြီးထွားမှုကိုလှုံ့ဆော်ပေးခြင်းဖြင့် မြေဆီလွှာဖွဲ့စည်းပုံကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးကောင်းများရရှိစေနိုင်မည်ဖြစ်ပါ၍ စိုက်ပျိုးသီးနှံများကိုပဲမျိုးရင်းဝင်အပင်များနှင့်တွဲဖက်၍ သစ်စိမ်းအဖြစ်စိုက်ပျိုးသင့်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၂၅ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၈။ | ၁၄:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၂။ | ၀၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၉။ | ၁၅:၀၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၀။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၄။ | ၁၀:၀၀ | နိုင်ငံတကာသတင်း | ၁၁။ | ၁၇:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် | | | မှတ်သားလိုက်နာပုံပမာ |
| ၆။ | ၁၂:၀၀ | ကျန်းမာသုတ | ၁၂။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့ |
| ၇။ | ၁၃:၀၀ | သာယာသီကြွေးခေတ်ဆန်းတေး | ၁၃။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ သောဝစသဿတာ** |

## MWD Education, Knowledge & Sports Channel

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀-၀၈:၃၀ | Grade – 4 | မြန်မာစာ၊ အင်္ဂလိပ်စာ Lesson–1, Lesson–2 |
| ၂။ | ၁၅:၃၀-၁၆:၃၀ | Grade – 4 | အင်္ဂလိပ်စာ Lesson–2၊ သင်္ချာ အခန်း(၁) |
| ၃။ | ၁၆:၃၀-၁၇:၃၀ | Grade – 4 | လူမှုရေး အခန်း(၁)၊ သိပ္ပံ အခန်း(၁/၂) |
| ၄။ | ၁၇:၃၀-၁၈:၄၇ | Grade – 5 | မြန်မာစာ အခန်း(၁/၂/၃/၄/၅/၆)၊ အင်္ဂလိပ်စာ Unit (1/2) |
| ၅။ | ၁၈:၄၇-၂၁:၅၆ | Grade – 5 | သင်္ချာ အခန်း(၁/၂)၊လူမှုရေး အခန်း(၁)၊ သိပ္ပံ အခန်း(၁/၂) |

# အာဒါလွတ်ဥ၏အာဟာရတန်ဖိုးနှင့် ဆေးဖက်ဝင်အာနိသင်များ

**■ အာဒါလွတ်ဥထဲတွင်ပါဝင်သည့် သံဓာတ်သည် သွေးလည်ပတ်မှုအားကောင်းစေသဖြင့် ဦးနှောက်ထဲသို့ အောက်ဆီဂျင်လုံလောက်စွာရောက်ရှိစေသည့်အတွက် မှတ်ဉာဏ်ကောင်းစေသည်။ သတိမေ့ရောဂါမဖြစ်အောင်လည်း ကာကွယ်ပေးနိုင်စွမ်းရှိသည်။**

**■ အာဒါလွတ်ဥတွင် ဖောလိတ်ဓာတ်ပါဝင်မှုများသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများစားပါက မွေးဖွားလာမည့်ကလေးတွင် ချို့ယွင်းချက်ပါလာနိုင်ခြေနည်းစေသည်။ ဖောလိတ်ဓာတ်က ဒီအင်န်အေဖြစ်တည်မှုနှင့်ဆဲလ်ကျန်းမာရေးများတွင် အရေးကြီးသောဓာတ်ဖြစ်ပြီး ဖွံ့ဖြိုးမှုကိုလည်း မြှင့်တင်ပေးသည်။**

အာဒါလွတ်ဥသည် အပူပိုင်းဒေသများမှထွက်သော သစ်ဥသစ်ဖုပင်မျိုးဖြစ်သည်။ ရုက္ခဗေဒအမည် Maranta Arundinacea ခေါ် ချုံပင်တစ်မျိုးမှထွက်သောဥဖြစ်သည်။ အာဒါလွတ်ပင်သည် Maranta မျိုးနွယ်စုဝင်နှင့် Marantaceae မျိုးရင်းဝင်ဖြစ်သည်။

အာဒါလွတ်ဥသည် အစာကြေလွယ်သောကစီဖြစ်သဖြင့် ယင်းကို ကလေးငယ်များနှင့်နာမကျန်းဖြစ်နေသူများအတွက် ဓာတ်စာအဖြစ် အသုံးပြုလေ့ရှိကြသည်။

**အာဒါလွတ်ဥတွင်ပါဝင်သောအာဟာရဓာတ်များ**

အာဒါလွတ်ဥတွင် အမျှင်ဓာတ်၊ ပရိုတင်းဓာတ်၊ သံဓာတ်နှင့် ဖောလစ်အက်စစ်တို့ပါဝင်သည့်အပြင် ကာဗိုဟိုက်ဒရိတ်၊ ဗီတာမင် B အုပ်စုကဲ့သို့ အာဟာရဓာတ်များပါဝင်ပြီး ကယ်လ်စီယမ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်၊ ဖော့စဖရပ်ကဲ့သို့ သတ္တုဓာတ်များလည်း ကြွယ်ဝသည်။ အာဒါလွတ်ဥတွင် အာဟာရဓာတ်များနှင့် သတ္တုဓာတ်များလည်းပါဝင်သည့်အတွက် အစာခြေစနစ်ကောင်းမွန်ခြင်း၊ အရိုးကိုသန်မာစေခြင်း၊ သွေးလည်ပတ်မှုနှင့် နှလုံးကျန်းမာရေးကိုကောင်းမွန်စေခြင်းစသည့်ကျန်းမာရေးအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သည်။ အာဒါလွတ်ဥ ၁၀၀ ဂရမ်တွင် ကာဗိုဟိုက်ဒရိတ် ၁၃ ဂရမ် (၄ ရာခိုင်နှုန်း)၊ ပရိုတင်း ၄ ဒသမ ၂ ဂရမ် (၈ ရာခိုင်နှုန်း)၊ အဆီ သုည ဒသမ ၂ ဂရမ် (သုညရာခိုင်နှုန်း)၊ ကိုလက်စထရော သုည ဒသမ သုည ဂရမ် ( သုည ရာခိုင်နှုန်း)၊ ဆိုဒီယမ် ၂၆ ဂရမ် (၁ ရာခိုင်နှုန်း)၊ ပိုတက်ဆီယမ် ၄၅၄ ဂရမ် (၁၂ ရာခိုင်နှုန်း) ပါဝင်သည်။

**အာဒါလွတ်ဥ၏ဆေးဖက်ဝင်ပုံ**

အာဒါလွတ်ဥသည် မဂ္ဂနီဆီယမ်ပါဝင်မှုမြင့်မားသောကြောင့် နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်သည်။

**အစာခြေစနစ်ကိုကောင်းမွန်စေသော အာဒါလွတ်ဥ**

ခန္ဓာကိုယ်၏အစာခြေစနစ်တွင် အမျှင်ဓာတ်က အရေးပါဆုံးထဲတွင်ပါဝင်ပြီး အူလမ်းကြောင်းအတွင်း၌ အစားအစာရွေ့လျားမှုကောင်းမွန်စေပြီး အာဟာရဓာတ်များစုပ်ယူနိုင်အောင် နှိုးဆွပေးသည်။ အာဒါလွတ်ဥတွင် အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေသည့်အပြင် ဝမ်းချုပ်ခြင်းနှင့် ဝမ်းလျှောခြင်းများကိုလည်း ကာကွယ်ပေးပြီး သွေးတွင်းသကြားဓာတ်ကိုလည်း ထိန်းထားပေးနိုင်သည်။ အဆိုပါအမျှင်ဓာတ်ကြောင့် ပိုလျှံနေသော ကိုလက်စထရောများကိုရှင်းလင်းပေးပြီး နှလုံးသွေးကြောကျန်းမာရေးကိုကောင်းမွန်စေသည်။

**အစာအိမ်ရောဂါကို ကာကွယ်ပေးသောအာဒါလွတ်ဥ**

အာဒါလွတ်ဥတွင် Gluten ဓာတ်မပါဝင်သောကြောင့် အစာအိမ်နာခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်းမအီမသာဖြစ်ခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။

**နှလုံးကျန်းမာရေးကိုကောင်းစေသောအာဒါလွတ်ဥ**

အာဒါလွတ်ဥတွင် ပိုတက်ဆီယမ်ပါဝင်မှုပမာဏများသောကြောင့် နှလုံးနှင့်ပတ်သက်သည့် ရောဂါဝေဒနာများဖြစ်ပွားမှုမှ ကာကွယ်ပေးသည်။ ပိုတက်ဆီယမ်က နှလုံးသွေးလွှတ်ကြောများနှင့် သွေးပြန်ကြောများကိုပြေလျော့စေပြီး သွေးဖိအားကိုကျစေသဖြင့် နှလုံးရောဂါနှင့် လေဖြတ်ခြင်းကိုလျော့နည်းစေသည်။ အာဒါလွတ်ဥတွင် ပိုတက်ဆီယမ်နှင့် ဆိုဒီယမ်ပါဝင်မှုများသောကြောင့် သွေးအားကိုထိန်းညှိပေးနိုင်သည်။ သွေးတိုးရောဂါရှိသူများ မဖြစ်မနေစားသုံးသင့်သည်။ အာဒါလွတ်ဥထဲတွင်ပါဝင်သည့် ဖောလိတ်ဓာတ်သည်နှလုံးရောဂါဖြစ်စေသည့် Homocysteine ဓာတ်ကို လျှော့ချပေးသည်။ မဂ္ဂနီဆီယမ်ပါဝင်မှုမြင့်မားပြီး သတ္တုဓာတ်ကြွယ်ဝသောကြောင့် သွေးလည်ပတ်မှုအားကောင်းစေသည်။ အာဒါလွတ်ဥတွင် ဗီတာမင် B အုပ်စုကြွယ်ဝစွာပါဝင်ပြီး ကောင်းမွန်သည့်ကိုလက်စထရောများပါဝင်သောကြောင့် နှလုံးသွေးကြောနှင့်ပတ်သက်သည့်ရောဂါများကိုကာကွယ်ပေးသည်။ သွေးအားနည်းရောဂါအပြင် မူးမော်ခြင်းမဖြစ်အောင်လည်း ကာကွယ်ပေးသည်။

**မှတ်ဉာဏ်ကောင်းစေသောအာဒါလွတ်ဥ**

အာဒါလွတ်ဥထဲတွင်ပါဝင်သည့် သံဓာတ်သည် သွေးလည်ပတ်မှုအားကောင်းစေသဖြင့် ဦးနှောက်ထဲသို့ အောက်ဆီဂျင်လုံလောက်စွာရောက်ရှိစေသည့်အတွက် မှတ်ဉာဏ်ကောင်းစေသည်။ သတိမေ့ရောဂါမဖြစ်အောင်လည်း ကာကွယ်ပေးနိုင်စွမ်းရှိသည်။

**အရိုးသန်မာစေပြီး သွေးလည်ပတ်မှုကို ကောင်းမွန်စေသော အာဒါလွတ်ဥ**

အာဒါလွတ်ဥတွင် ပရိုတင်းဓာတ်နှင့်သံဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် အရိုးများကိုသန်မာစေသည်။ အာဒါလွတ်ဥတွင် ကြေးနီဓာတ်နှင့် သံဓာတ်ပါဝင်သောကြောင့် သွေးနီဆဲလ်များကို တိုးပွားစေပြီး ပင်ပန်းနွမ်းနယ်ခြင်း၊ အားနည်းခြင်းမှကာကွယ်ပေးသည်။ အဆိုပါဓာတ်များကြောင့် သွေးလည်ပတ်မှုကိုကောင်းမွန်စေသည်။

**သန္ဓေသားအတွက်ကောင်းသောအာဒါလွတ်ဥ**

အာဒါလွတ်ဥတွင် ဖောလိတ်ဓာတ်ပါဝင်မှုများသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများစားပါက မွေးဖွားလာမည့်ကလေးတွင် ချို့ယွင်းချက်ပါလာနိုင်ခြေနည်းစေသည်။ ဖောလိတ်ဓာတ်က ဒီအင်န်အေဖြစ်တည်မှုနှင့်ဆဲလ်ကျန်းမာရေးများတွင် အရေးကြီးသောဓာတ်ဖြစ်ပြီး ဖွံ့ဖြိုးမှုကိုလည်း မြှင့်တင်ပေးသည်။

**ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုကိုအားပေးသော အာဒါလွတ်ဥ**

အသားမှရသောပရိုတင်းများထက် အသီးအနှံနှင့် သစ်ဥသစ်ဖုမှရသော ပရိုတင်းကို ခန္ဓာကိုယ်က စုပ်ယူရပိုမိုလွယ်ကူသောကြောင့် ပရိုတင်းအသင့်အတင့်ပါဝင်သော အာဒါလွတ်ဥကိုစားပေးခြင်းဖြင့် ကျန်းမာသည့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုကို ရရှိနိုင်မည်ဖြစ်သည်။

**ကိုယ်အလေးချိန်ကျစေသော အာဒါလွတ်ဥ**

အာဒါလွတ်ဥသည် Diet လုပ်သည့်နေရာတွင် ပိုသင့်တော်သည်။ အာဟာရဓာတ်များနှင့်အမျှင်ဓာတ်ပါသည့် အာဒါလွတ်ဥကိုတွဲစားလျှင် ဝိတ်ချ၊ အစားလျှော့သည့်အစီအစဉ်တွင် ပို၍အကျိုးထူးနိုင်သည်။ အဆာပြေအနေဖြင့်လည်းစားနိုင်သည်။

**ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို ကာကွယ်ပေးသောအာဒါလွတ်ဥ**

အာဒါလွတ်ဥ၏ ဆေးဖက်ဝင်အာနိသင်ကြောင့် ဆီးလမ်းကြောင်းပိုးဝင်ခြင်းကိုသက်သာစေနိုင်သည်။ ဆီးလမ်းကြောင်းပိုးဝင်ခြင်း မကြာခဏဖြစ်တတ်သည့် အမျိုးသမီးများအနေဖြင့် အာဒါလွတ်ဥစားပေးသင့်သည်။

**ကိုယ်ခံအားမြင့်စေသောအာဒါလွတ်ဥ**

အာဒါလွတ်ဥတွင်ပါဝင်သည့် သတ္တုဓာတ်များက အားနည်းခြင်း၊ နွမ်းနယ်ခြင်းနှင့် ဦးနှောက်ဉာဏ်ရည်ဆိုင်ရာပြဿနာများကို တွန်းလှန်ရာတွင် အများဆုံးအကျိုးပြုသည်။ ကိုယ်တွင်းအင်္ဂါစနစ်များအတွင်း အောက်ဆီဂျင်ပေးပို့မှုပိုကောင်းစေပြီး ခွန်အားလည်းမြင့်တက်စေသည်။

**ဇီဝကမ္မဖြစ်စဉ်ကိုပိုကောင်းစေသော အာဒါလွတ်ဥ**

အာဒါလွတ်ဥတွင် ဗီတာမင် B ပါဝင်မှုမြင့်မားသောကြောင့် အင်ဇိုင်းနှင့် ဇီဝကမ္မဖြစ်စဉ်အတွက်အရေးပါလှသည်။ ဗီတာမင် B အုပ်စုသည် ဟော်မုန်းများမှအစ နှလုံးခုန်နှုန်းအထိ ခန္ဓာကိုယ်အနှံ့လုပ်ဆောင်ချက်ဖြစ်စဉ်များကို ထိန်းညှိရာတွင် အရေးပါသည်။ ကယ်လ်စီယမ်ကြွယ်ဝမှုကြောင့်လည်း ခန္ဓာကိုယ်ထဲမှ အယ်ကာလိုင်းအက်စစ်ထိန်းညှိမှုအတွက် အရေးပါသည်။

**ကျောက်ကပ်အားကောင်းစေသောအာဒါလွတ်ဥ**

အာဒါလွတ်ဥတွင် ပိုတက်ဆီယမ်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် ကျောက်ကပ်ကိုသန့်စင်ပေးပြီး ကျောက်ကပ်ထဲမှ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။

**သတိပြုရန်အချက်များ**

အာဒါလွတ်ဥနှင့် ချောကလက်၊ နို့အေးချောင်းတို့နှင့် တွဲမစားသင့်ပေ။ ဂေါက်ရောဂါရှိသူများစားပါက ခြေဆစ်လက်ဆစ်များ နာတတ်သည်။

အချုပ်အားဖြင့်ဆိုသော် အာဒါလွတ်ဥတွင် ပရိုတင်းဓာတ်၊ သံဓာတ်နှင့်ဖောလစ်အက်စစ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရပ်တို့ပါဝင်သည့်အပြင် တခြားဗီတာမင်များနှင့်သတ္တုဓာတ်များလည်း ပါဝင်သည့်အတွက် အစာခြေစနစ်ကောင်းမွန်စေခြင်း၊ အစာအိမ်ရောဂါဖြစ်ပွားမှုမှကာကွယ်ပေးခြင်း၊ အရိုးကိုသန်မာစေခြင်း၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုအတွက် ကူညီပေးခြင်း၊ သွေးအားနည်းခြင်းကိုကာကွယ်ပေးပြီး သွေးလှည့်ပတ်မှုကောင်းမွန်စေခြင်း၊ နှလုံးကျန်းမာရေးအတွက်ကောင်းခြင်း၊ ဆီးချိုရောဂါအတွက် အထောက်အကူပြုခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် သန္ဓေသားဖွံ့ဖြိုးစေခြင်း စသည့်ကျန်းမာရေးအကျိုးအာနိသင်များကိုပေးစွမ်းနိုင်ကြောင်းနှင့် ဗီတာမင် B အုပ်စုကြွယ်ဝစွာပါဝင်သောကြောင့် ခန္ဓာကိုယ်တစ်ခုလုံး၏ လုပ်ငန်းလုပ်ဆောင်ချက်များကို ထိန်းချုပ်ပေးနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

# စစ်ကိုင်းမြို့၌ အခြေခံစက်ချုပ်နည်းသင်တန်းဖွင့်လှစ်



စစ်ကိုင်း ဇွန် ၉

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရန်၊ ကျေးလက်နေမိသားစုဝင်ငွေတိုးစေရန် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အခြေခံစက်ချုပ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ခါမင်းဝဲတောင်ကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်လွင်မာအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင်(၂) ဦးခင်ဇော်နှင့် တာဝန်ရှိသူများက သင်တန်းသုံးပစ္စည်းများ ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူကြသည်။

အဆိုပါအခြေခံစက်ချုပ်နည်းသင်တန်းကို သင်တန်းသူ ၁၅ ဦးတက်ရောက်ပြီး သင်တန်းကို တစ်လကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

# မန္တလေးငလျင်ကြီးကြောင့်ပျက်စီးသွားသော ဆေးရုံအဆောက်အအုံနှင့် ဓာတ်ခွဲခန်းများပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ




နေပြည်တော် ဇွန် ၉

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ဆေးရုံအဆောက်အအုံနှင့် ဓာတ်ခွဲခန်းများပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်အသင်းအဖွဲ့များက လှူဒါန်းရသည့်အကြောင်းရင်းကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်က ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသောနေပြည်တော် ကလေးရောဂါ အထူးကုဆေးရုံကြီးနှင့် သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီးတို့ရှိ ဆေးရုံအဆောက်အအုံများပြုပြင်ရန် ငွေကျပ် ၁၀၄၈ သန်း၊ မြန်မာ-တရုတ် အမျိုးသားကုသိုလ်ဖြစ်အသင်းက ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသောနေပြည်တော် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး မီးယပ်ဆောင်နှင့်ခွဲစိတ်ဆောင်ပြုပြင်ရန် ငွေကျပ် ၁၁၃ သန်း၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းက ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ဓာတ်ခွဲခန်းပြုပြင်ရန် ငွေကျပ် ၇၈ ဒသမ ၁၇၅ သန်း၊ Medi-Health Co., Ltd. နှင့် Drug International Ltd တို့က ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အသုံးပြုရန် Modular Office နှစ်လုံးအတွက် ငွေကျပ်သိန်း ၉၅၀ နှင့်မြန်မာ-တရုတ်အမျိုးသမီးများအသင်းက ငွေကျပ်သိန်း ၁၅၀ တို့ကိုပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ဆေးရုံအဆောက်အအုံနှင့် ဓာတ်ခွဲခန်းများပြုပြင်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပျက်စီးမှုအမျိုးအစားနှင့် ပျက်စီးမှုပုံစံအဆင့်များအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ရေးအင်ဂျင်နီယာပညာရှင်များက စနစ်တကျခန့်မှန်းတွက်ချက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အမြန်ဆုံးပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ (ဆဋ္ဌမအကြိမ်) အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၉

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ (ဆဋ္ဌမအကြိမ်) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမင်းသူက ကမ်းရိုးတန်းနေ လူမှုအသိုက်အဝန်းမြှင့်တင်ရန် ICM ကို အကောင်အထည်ဖော်ခြင်း၊ ဂေဟစနစ်အခြေပြုချဉ်းကပ်နည်းကျင့်သုံးခြင်း၊ ရေရှည်တည်တံ့သော ငါးဖမ်းခြင်းအလေ့အကျင့်ကို တွန်းအားပေးခြင်း၊ အစားထိုးအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖော်ဆောင်ခြင်း၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အသက်ဝင်လာအောင်ဆောင်ရွက်ခြင်း၊ ပင်လယ်ပြင်ထိစပ်နေသောအိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ ရာသီဥတုနှင့်လိုက်လျောညီထွေသည့် မဟာဗျူဟာများ ဖော်ထုတ်ခြင်းတို့ကို အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။


ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အမှာစကားပြောကြားပြီး ပင်လယ်ကမ်းရိုးတန်းသယံဇာတထိန်းသိမ်းရေးအသိပညာပေးဗီဒီယိုပြသသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြရာ လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြကာ ဒုတိယဝန်ကြီး ဦးမင်းမင်းက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ လုပ်ငန်းကော်မတီဝင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ရေကြောင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကော်မတီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့တက်ရောက်ကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ် သယံဇာတရေးရာဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ငလျင်ဒဏ်သင့်ဒေသများသို့သွားရောက်၍ အလှူငွေများထောက်ပံ့လှူဒါန်း



နေပြည်တော် ဇွန် ၉

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးတင်ဦး၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များသည် ဇွန်လ ၇ ရက်နှင့် ၈ ရက်တို့တွင် ငလျင်ဒဏ်သင့် နေပြည်တော်နှင့် ပျဉ်းမနားမြို့နယ်တို့သို့သွားရောက်၍ အလှူငွေများလှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ကံလှကျောင်းတိုက်ငလျင်ဒဏ်သင့်သိမ် ပြန်လည်တည်ဆောက်ရန်၊ ပျဉ်းမနားမြို့နယ် ကျောင်းကုန်းပရိယတ္တိကျောင်းတိုက်၊ နံတော်စဉ်ပရိယတ္တိစာသင်တိုက်၊ တောင်သာဘိုးဘွားရိပ်သာ၊ သန္တာရာမသီလရှင်စာသင်တိုက်၊ ကင်မွန်းတန်းသိမ်ဆွမ်းစားကျောင်း၊ ဇေယျာသီရိမြို့နယ် ကျောက်ချက်(အလယ်ရွာ) ကျောင်းတို့အတွက် အလှူငွေကျပ်သိန်း ၂၅၀၀ ကိုလည်းကောင်း၊ ဇွန်လ ၂ ရက်နှင့် ၃ ရက်တို့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးမှ အငြိမ်းစားဆရာ၊ ဆရာမကြီးများ၏နေအိမ်နှစ်လုံးဆောက်လုပ်ရန်၊ စစ်ကိုင်းတိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး အီးစီဂျီစက်နှင့်လိုအပ်သောဆေးဝါးများဝယ်ယူရန်၊ မန္တလေးပြည်သူ့ဆေးရုံကြီး အီးစီဂျီစက်နှစ်လုံး၊ ချုံစုပ်စက်နှစ်လုံးနှင့်သွေးစစ်ဌာနနှင့်ခွဲစိတ်ခန်းသုံးပစ္စည်းများ နှစ်လစာဝယ်ယူရန်အတွက် စုစုပေါင်းအလှူငွေကျပ် ၇၀၈ သိန်းကိုလည်းကောင်း လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၆-၂၀၂၅                                                                                  ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၅၅ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၉၅ | ၂၉၁၅ | ၄၅၀၅ | ၃၂၁၀ | ၂၉၃၀ | ၂၉၃၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၀ | ၃၂၄၅ |
| 95 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၆၀ | ၃၂၅၅ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၁၅ | ၃၀၄၀ | ၃၂၉၅ |
| HSD (500 ppm) | ၂၃၇၅ | ၂၄၉၀ | ၂၄၅၅ | ၂၃၉၀ | ၂၄၉၅ | ၂၅၁၀ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၀ | ၂၄၆၅ | ၂၄၆၅ | ၂၅၃၅ | ၂၅၀၀ | ၂၅၂၅ | ၂၇၈၀ |
| HSD (50 ppm) | ၂၉၅၀ | ၃၀၆၅ | ၃၀၃၀ | ၂၉၆၅ | ၃၀၇၀ | ၃၀၈၅ | ၃၁၀၀ | ၃၀၂၀ | ၄၈၃၀ | ၃၃၁၅ | ၃၀၄၀ | ၃၀၄၀ | ၃၁၁၀ | ၃၀၇၅ | ၃၀၉၅ | ၃၃၅၅ |
| HSD (10 ppm) | ၂၉၅၀ | ၃၀၆၅ | ၃၀၃၀ | ၂၉၆၅ | ၃၀၇၀ | ၃၀၈၅ | ၃၁၀၀ | ၃၀၂၀ | - | ၃၃၁၅ | ၃၀၄၀ | ၃၀၄၀ | ၃၁၁၀ | ၃၀၇၅ | ၃၀၉၅ | ၃၃၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၉ | ၂၇၆၆ |
| 95 Ron | ၂၇၂၇ | ၂၈၁၅ |
| HSD (500 ppm) | ၂၂၂၇ | ၂၃၀၁ |
| HSD (50 ppm) | ၂၇၈၂ | ၂၈၆၇ |
| HSD (10 ppm) | ၂၇၈၂ | ၂၈၆၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**O ကျောဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အမျိုးသားအသင်းနှင့်မကွေးတိုင်းဒေသကြီးအသင်းတို့သည် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပွဲစဉ်သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဖုံ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်မိုး၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းနှင့် ရှမ်းပြည်နယ် ဘော်လီဘောအားကစားဝါသနာရှင် မိဘပြည်သူများတက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားလျက်ရှိသော ရှမ်းပြည်နယ်အမျိုးသားအသင်းက မကွေးတိုင်းဒေသကြီး အမျိုးသားအသင်းကို (၃)ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်းသိရှိရပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က ယနေ့ပွဲစဉ်တွင်အနိုင်ရရှိသွားသော အမျိုးသားအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် ရှမ်းပြည်နယ်ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းကျော်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်းကိုထပ်ဆောင်းချီးမြှင့်ပေးခဲ့သည်။ အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ဇွန်လ ၁၁ ရက်တွင် ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့်ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇင်(ပြည်နယ်ပြန်/ဆက်)

# ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရေး စာအုပ်စာစောင်များ ငှားရမ်းပေး



ပန်းတနော် ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာ ဗဟုသုတ စဉ်ဆက်မပြတ်တိုးပွားစေရေး စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ဇွန်လ ၉ ရက်တွင် ပန်းတနော်မြို့နယ် မြို့ကွက်သစ်ရပ်ကွက်ရှိအခြေခံပညာမူလတန်း(ရွှာသစ်)ကျောင်း၌ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဌေးဌေးစိုးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ မူလတန်းအရွယ်မှစ၍ ပုံပြင်ဖတ်ခြင်းမှ သုတ၊ ရသစာအုပ်ကောင်းများကို လေ့လာဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ဗလငါးတန်ပြည့်စုံစေရန်နှင့် စာပေဖတ်ရှုခြင်းဖြင့် အမှားအမှန်ဝေဖန်ပိုင်းခြားတတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ ကျေးရွာများရှိ အခြေခံပညာကျောင်းများ၌ စာအုပ်စာစောင်များ ငှားရမ်းပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်များ ခင်းကျင်းပြသထားရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး တိုင်းရင်းသားရုပ်ပုံ ပုံပြင်စာအုပ်များနှင့် ဓမ္မရုပ်ပြစာအုပ်များကို အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# ဘားအံမြို့နယ် ကော့ဂွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေး

ဘားအံ ဇွန် ၉

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကော့ဂွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဇွန်လ ၉ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကော့ဂွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှစ်ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူသုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးအတွက် ငွေကျပ် သိန်း ၃၇၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# ကျောက်တံခါးမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်လှစ်



ကျောက်တံခါး ဇွန် ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၉ ရက်တွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် ကျောက်တံခါးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းမှရရှိလာမည့် အကျိုးကျေးဇူးများနှင့် သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို ကြိုးစားသင်ယူမှတ်သားပြီး သင်တန်းကာလပြီးဆုံးသည့်တိုင် စိတ်ပါဝင်စားစွာ လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်သည်အထိ သင်ယူကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို သင်တန်းသူများထံ ပံ့ပိုးပေးအပ်သည်။

အခမ်းအနားသို့ ညောင်လေးပင်ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ချောက်တရာကျေးရွာ၊ အလယ်ခင်ကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ကျွန်းချောင်းကျေးရွာတို့မှ သင်တန်းသား ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇွန်လ ၅ ရက်မှ ၁၉ ရက်အထိ အခမဲ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# ပေါင်းတည်မြို့နယ်၌ ဘဲမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပေါင်းတည် ဇွန် ၉

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ ဒေသတွင်းမွေးမြူရေးထုတ်ကုန်ကဏ္ဍတိုးတက်စေရေး ဘဲမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

ပေါင်းတည်မြို့နယ်၌ ရေမြေအနေအထား၊ ရာသီဥတုကောင်းမွန်မှုကြောင့် ဒေသခံများအနေဖြင့် ယခင်ကတည်းက ဘဲမွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကြောင်း၊ အသားစားနှင့်ဥစားအတွက် မန်ဒါလီ၊ ဘဲငန်းနှင့် ဒေသအခေါ် ကရင်ဘဲများ မွေးမြူကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဘဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများသည် သားငါး၊ ဘဲဥ၊ ကြက်ဥ ဈေးကောင်းရရှိမှုနှင့် စားသုံးသူများပြားလာမှုတို့ကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိရာ စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူ



စားသုံးနိုင်ရေးနှင့် ဒေသတွင်းမွေးမြူရေးထုတ်ကုန်ကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား ဖြည့်ဆည်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသတွင်း စားရေရိက္ခာဖူလုံပြည့်စုံပြီး သက်သာချောင်ချိရေးအတွက် စပါး၊ ပဲ၊ နှမ်း၊ ပြောင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသာမက မွေးမြူရေးလုပ်ငန်းများလည်း ပြန်လည်ဖွံ့ဖြိုးလာစေရန် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်စေရေး၊ မွေးမြူရေးအစာများ အဆင်ပြေစွာရရှိစေရေးအပြင် မွေးမြူရေးတိရစ္ဆာန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများကြောင့် ကြူတောကန်ကျေးရွာနှင့် နတ်ပုတီးကျေးရွာတို့ရှိ ဘဲမွေးမြူရေးခြံများ၌ ဘဲအကောင် ငါးထောင်ကျော် မွေးမြူနိုင်ခဲ့ကာ ယခုအခါ အောင်မြင်ဖြစ်ထွန်းသည့်အတွက် မွေးမြူသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ရွှေသား(IPRD)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၉

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်ဆုတောင်းပြည့် မြတ်စွာဘုရား၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အား စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ငလျင်ဒဏ်ကြောင့် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီစာသင်တိုက်၌ ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုးဆွမ်းဦးပုညရှင်စေတီတော်နှင့် သာသနိကအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများနှင့် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်မြို့မအားကစားခန်းမရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပစ္စည်းရရှိ/ထုတ်ပေးဌာန၌ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ လုပ်အားပေးဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်ကိုင်းမြို့၊ မြို့တော်ခန်းမ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် နေအိမ်အဆောက်အအုံများ၊ မင်းလမ်းရပ်ကွက်၊ ရတနာဗိမာန်ထူပါရုံရွှေကျောင်းတိုက်ရှိ သာသနိကအဆောက်အအုံများနှင့် သောတာပန်ရပ်ကွက်သကျဓိတာသီလရှင်စာသင်တိုက်နှင့် လေးကျွန်းမာရ်အောင်မြတ်စွာဘုရားကြီးရှိ သာသနိကအဆောက်အအုံများ၌ စက်ယန္တရားကြီးများဖြင့် အပျက်အစီးများဖယ်ရှားရှင်းလင်းမှု၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စာသင်ကျောင်းအတွင်း ရေသန့်စက်ထားရှိမည့်အဆောက်အအုံသစ်ဆောက်လုပ်နေမှုနှင့် ယာယီကျောင်းဆောင်များ ဆောက်လုပ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက်စစ်ကိုင်းတောင်ရိုးငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းအချို့ ပြန်လည်နေရာချထားနိုင်ရေးအတွက် ရွာထောင်ရပ်ကွက်ရှိ လျာထားမြေလွတ်နေရာအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့၊ အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရား၊ နန်းဦးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်ရှိ အဘယာရာမ မိုးထိကျောင်းတိုက်များသို့သွားရာက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများရှိ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများနှင့် ရှေးမူမပျက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီးဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီစာသင်တိုက်၊ ကုလားကျောင်းကျေးရွာအုပ်စုရှိ ရွာဦးဘုန်းကြီးကျောင်း၊ ကိုးပင်ကျေးရွာအုပ်စုရှိ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း)သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားနေမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ကုလားကျောင်းကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ မြန်မာ့သံတော်မြတ်ကုမ္ပဏီလီမိတက်၊ ကြံ့နစ်ကောင်ဘိလပ်မြေစက်ရုံက လှူဒါန်းသည့် RC တစ်ထပ်စာသင်ကျောင်းဆောင် ဆောက်လုပ်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ ရရှိ/ထုတ်ပေးဌာန၌ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများနှင့် ကျောက်ဆည်မြို့၊ ကြောင်ပန်းကုန်းကျေးရွာအုပ်စုရှိ သမိုင်းဝင်တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၌ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ဖယ်ရှားရှင်းလင်းပြီးစီးမှုနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ယခုတစ်ပတ်တွင် စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၁၈၅ သတ်မှတ်

နေပြည်တော် ဇွန် ၉

စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းသည့် စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးနှင့် ပြည်တွင်းစားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်မှုကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် ပြည်ပမှ တင်ပို့နိုင်ငံများ၏ ဈေးနှုန်းအတက်အကျအပေါ်မူတည်ပြီး ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးကို စနစ်တကျထိန်းကျောင်းပေးနေကြောင်းလည်း ကြားသိရသည်။

လက်ကားရည်ညွှန်းစားအုန်းဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၆၁၈၅ ဟု ကြေညာထားသည်ကို တွေ့ရပြီး ယခုနှစ်ဇန်နဝါရီလ ရည်ညွှန်းဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာ ငွေကျပ်၁၀၀၀ ကျော်အထိ ကျဆင်းလာကြောင်း တွေ့ရသည်။

“ဆီဆိုတာ ကျွန်မတို့နေ့စဉ်စားသုံးနေကြရတာ။ အခုနောက်ပိုင်း ဈေးလည်းကျသလို ဝယ်ရတာလည်း ပိုအဆင်ပြေလာပါတယ်။ အရင်ကထက် ငွေကျပ် ၁၀၀၀ လောက်သက်သာတော့ သုံးရတာပိုအဆင်ပြေတာပေါ့။ လက်လီဝယ်ကြရတာဈေးသက်သာပြီး အလွယ်တကူဝယ်လို့ရတယ်။ တော်တော်လေးအဆင်ပြေတယ်။ ဈေးနှုန်းကလည်း ကျလာတော့ အတိုင်းထက်အလွန်ပေါ့”ဟု တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသခံ မဝင်းဝင်းမာက ပြောသည်။

မြဝတီ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၉

ယနေ့နံနက် ၉ နာရီ ၄၄ မိနစ် ၄၉ စက္ကန့်အချိန်တွင် ဌမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၉၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပြည်မြို့၏ အနောက်ဘက် ၁၁ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၁၈ ဒသမ ၈၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၅ ဒီဂရီ၊ အနက် ၇၇ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၉

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂) ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်တွင်ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပပို့ကုန်မြင့်တက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကုန်သွယ်ရေးလိုငွေပြမှုကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဇုန်အတွင်းရှိ လုပ်ငန်းများက ပြည်တွင်းရှိ MSMEs လုပ်ငန်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအား မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန် ပြောကြားသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်တွင် Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်သုံးစွဲရန်လိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်ဇော်ဦးက ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို ဖတ်ကြားတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ငလျင်ဘေးသင့်ဝန်ထမ်းများ နေထိုင်ရန် Container House များ တပ်ဆင်ပြီးစီး





နေပြည်တော် ဇွန် ၉

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ငလျင်ဘေးသင့်ဝန်ထမ်းနှင့် မိသားစုဝင်များ နေထိုင်ရေးအဆင်ပြေစေရန်အတွက်အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့်အိပ်ခန်းတစ်ခန်းနှင့်အိပ်ခန်းနှစ်ခန်းပါ Container House များ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝင်းအတွင်း တပ်ဆင်ပြီးစီးမှုနှင့် ရေရရှိရေးစီမံဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုစာရင်းစစ်ချုပ်က Container House အဆောက်အအုံများခိုင်ခံ့မှုရှိစေရေး၊ ရေ၊ မီးရရှိရေး၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ မိလ္လာစနစ်များ စနစ်တကျဖြစ်စေရေး စီစဉ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကျင်းပစဉ်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၉

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်များဖြစ်သည့် တောင်ကြီးတပ်နယ်(နယ်မြေ-၁)အမျိုးသားအသင်းနှင့် တောင်ကြီးတပ်နယ်(နယ်မြေ-၂)အမျိုးသားအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး) အမျိုးသမီးအသင်းနှင့်ဟိုပုံးတပ်နယ်အမျိုးသမီးအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အမျိုးသားအသင်း (၁၀) သင်း၊ အမျိုးသမီးအသင်း(၁၀)သင်းတို့ဖြင့် ဇွန်လ ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၉

တစ်ပြည်လုံးတွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ကျောင်းပညာရေးဖြင့် မတက်ရောက်နိုင်သည့်ကလေးများအား ကျောင်းပြင်ပပညာရေး၏ တန်းညှိပညာရေးအစီအစဉ်ဖြင့်တက်ရောက်နိုင်ရေး ပြည်သူများသို့အသိပေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၂၈ (က) ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည် ဆိုသည့် ပြဋ္ဌာန်းချက်အရနှင့် အမျိုးသားပညာရေးဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၁ တွင် နိုင်ငံတော်သည် အမျိုးသားပညာရေးစနစ် အကောင်အထည်ဖော်ရာတွင် (က)ကျောင်းပညာရေး၊ (ခ) ကျောင်းပြင်ပပညာရေး၊ (ဂ)ကိုယ်တိုင်သင်ယူပညာရေး ဟူသည့် ပညာရယူနည်းများကိုကျင့်သုံး၍ ယင်းတို့ကိုတစ်ခုနှင့်တစ်ခုဆက်စပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားရှိသည်။

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် အမျိုးသားပညာရေးဥပဒေအရ အမျိုးသားပညာရေးစနစ်တွင် ပညာရယူနည်းသုံးနည်းဖြင့် အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းချက်အရလည်းကောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစဉ်များအရလည်းကောင်း ကျောင်းပြင်ပပညာရေးလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအောက်တွင် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနကို ၂၀၁၆ ခုနှစ်အတွင်း ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

**ကျောင်းပညာရေး**

ကျောင်းပညာရေးဆိုသည်မှာ သင်ယူသူ၏အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသော သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြု မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးစသည်တို့ အကျုံးဝင်သည့်ပညာရေးဖြစ်သည်။

ကျောင်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အခြေခံပညာဦးစီးဌာနသည် နှစ်စဉ် ဇွန်လအတွင်း ကျောင်းဖွင့်ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့်အညီ အခြေခံပညာကျောင်းများ ဖွင့်လှစ်နေပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ပညာရပ်များကို သင်ကြားပေးလျက်ရှိသည်။ မူလတန်းအဆင့်သို့ တက်ရောက်မည့်သူများအနေဖြင့် အသက်အုပ်စု ၅ နှစ်ပြည့်ပြီးသူများသည် KG သို့လည်းကောင်း၊ အသက် ၆ နှစ်ပြည့်ပြီးသူများသည် Grade–1 သို့လည်းကောင်း တက်ရောက်ခွင့်ရရှိကြသည်။

**ကျောင်းပြင်ပပညာရေး**

ကျောင်းပြင်ပပညာရေးဆိုသည်မှာ သင်ရိုးညွှန်းတမ်းများကိုအခြေခံ၍သင်ယူလိုသူများ ပညာရည်မြင့်မားလာစေရန် ကျောင်းပညာရေးစနစ်၏ ပြင်ပတွင် ပြင်ဆင်ပြောင်းလဲနိုင်သော နည်းလမ်းများဖြင့် စည်းရုံးသင်ကြားပေးသော ပညာရေးဖြစ်သည်။

ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ဆောင်နေသည့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနသည် နှစ်စဉ် ဇူလိုင်လအတွင်း ကျောင်းနေအရွယ်လွန်ကလေးများ (သတ်မှတ်အသက်အုပ်စုနှင့်ကိုက်ညီသူများ)ကို သက်ဆိုင်ရာလျာထားမြို့နယ်အသီးသီး၏ ကျောင်းပြင်ပပညာရေးစခန်းများတွင် တက်ရောက်သင်ယူခွင့်ရရှိရေး စီစဉ်ပေးလျက်ရှိသည်။ အဆိုပါစခန်းများသို့ ကျောင်းပြင်ပပညာရေးတက်ရောက်နေသည့် ကလေးများအပြင် ကျောင်းပညာရေးတက်ရောက်ရာမှ အကြောင်းအမျိုးမျိုးဖြင့် ဆက်လက်မတက်ရောက်နိုင်သည့် ကလေးများကိုလည်း သတ်မှတ်အုပ်စုအတွင်း ရောက်ရှိနေပါက လက်ခံသင်ကြားပေးလျက်ရှိနေသည်။

ကျောင်းပြင်ပပညာရေးသည် သင်ယူလိုသူတစ်ဦးချင်းစီအတွက် ပထမအကြိမ်ဆုံးရှုံးခဲ့ရသည့် အခွင့်အလမ်းကို ဒုတိယအကြိမ်အခွင့်အလမ်း (Second Chance) ပေးသည့် ပညာရေးဖြစ်သဖြင့် သမားရိုးကျဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြုလွယ်ပြင်လွယ်အစီအစဉ်များဖြင့် နောက်ခံအခြေအနေမတူညီကြသော သင်ယူလိုသူများ၏လိုအင်ကိုဖြည့်ဆည်းပေးနေသည့် ပညာရေးအစီအစဉ်ကောင်းတစ်ခုပင်ဖြစ်သည်။ ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ အချင်းချင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်သောဒေသများတွင် ပိုမိုထိရောက်မှုရှိနေကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။

**➲ ကျောင်းပြင်ပပညာရေးသည် သင်ယူလိုသူတစ်ဦးချင်းစီအတွက် ပထမအကြိမ်ဆုံးရှုံးခဲ့ရသည့် အခွင့်အလမ်းကို ဒုတိယအကြိမ်အခွင့်အလမ်း (Second Chance) ပေးသည့် ပညာရေးဖြစ်သဖြင့် သမားရိုးကျဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြုလွယ်ပြင်လွယ်အစီအစဉ်များဖြင့် နောက်ခံအခြေအနေမတူညီကြသော သင်ယူလိုသူများ၏လိုအင်ကို ဖြည့်ဆည်းပေးနေသည့် ပညာရေးအစီအစဉ်ကောင်းတစ်ခုပင်ဖြစ်. . .**

**➲ တန်းညှိပညာရေးအစီအစဉ်ဆိုသည်မှာ ကျောင်းပြင်ပပညာရေးအစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေးအဆင့်အတန်းများနှင့် အရည်အချင်းညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်တစ်ခုဖြစ်. . .**

**တန်းညှိပညာရေး**

တန်းညှိပညာရေးအစီအစဉ်ဆိုသည်မှာ ကျောင်းပြင်ပပညာရေးအစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေးအဆင့်အတန်းများနှင့် အရည်အချင်းညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်တစ်ခုဖြစ်သည်။

**အပြန်အလှန်ကူးပြောင်းသင်ကြားခွင့်**

နိုင်ငံတော်အစိုးရသည် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးအခွင့်အလမ်းဆုံးရှုံးခဲ့ရသောကလေးများ၊ ကျောင်းချိန်ကာလအတွင်း ကျောင်းမတက်၊ ကျောင်းမနေနိုင်ခဲ့သည့် ကျောင်းပြင်ပရောက် သက်လွန်ကလေးများကို ကျောင်းပြင်ပပညာရေးဖြင့် ပညာဆက်လက်သင်ယူနိုင်ခွင့်ရရှိစေရန်အတွက် ကျောင်းပြင်ပမူလတန်းပညာရေး (Non–Formal Primary Education – NFPE)နှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး (Non–Formal Middle Education – NFME) အစီအစဉ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေသည်။

ကျောင်းပြင်ပမူလတန်းပညာရေး Level–1, Level–2 သင်ယူပြီးမြောက်ပါက အခြေခံပညာကျောင်းပညာရေးသို့ ဆက်လက်ကူးပြောင်းသင်ယူနိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးတို့က လက်မှတ်ရေးထိုးပြီး သင်ယူပြီးမြောက်ခြင်း လက်မှတ်ထုတ်ပေးလျက်ရှိသည်။ ကျောင်းပြင်ပမူလတန်းပညာရေး Level–1 ပြီးမြောက်ပါက အခြေခံပညာမူလတန်းအဆင့် Grade–4 သို့လည်းကောင်း၊ Level–2 ပြီးမြောက်ပါက အခြေခံပညာအလယ်တန်းအဆင့် Grade–6 သို့လည်းကောင်း ဆက်လက်တက်ရောက် သင်ယူခွင့်ရရှိမည်ဖြစ်သည်။

ကျောင်းပြင်ပအလယ်တန်းပညာရေးတွင် ပညာသင်နှစ်သုံးနှစ်ပြီးမြောက်မှသာလျှင် အောင်မြင်ပြီးမြောက်ကြောင်း လက်မှတ်ထုတ်ပေးသည်။ ၎င်းလက်မှတ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် Grade– 10 သို့လည်းကောင်း၊ သက်မွေးပညာကျောင်းများသို့လည်းကောင်း ဆက်လက်တက်ရောက်သင်ယူနိုင်ခွင့်ရရှိမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦးအနေဖြင့် ကျောင်းပြင်ပပညာရေးအစီအစဉ်နှင့် အခြားပညာရေးအစီအစဉ်များအကြားတွင် အပြန်အလှန်ကူးပြောင်းသင်ယူနိုင်မည့် သာတူညီမျှအခွင့်အလမ်းများရရှိစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးနေသည့် ပညာရေးအစီအစဉ်တစ်ခုဖြစ်သည်။

**ကျောင်းပြင်ပပညာရေးသင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်ထားရှိမှု**

အခြေခံပညာစနစ်သစ်ပညာရေး KG+12 အရ အခြေခံပညာသင်ရိုးသစ်နှင့်ကိုက်ညီစေရေးအတွက် ကျောင်းပြင်ပပညာရေးသင်ရိုးညွှန်းတမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဌာနတွင်းဆွေးနွေးပွဲများအား ပြုလုပ်ခဲ့ပြီးနောက် ပြင်ဆင်၊ ဖြည့်စွက်ပြီးသော ကျောင်းပြင်ပမူလတန်းပညာရေး သင်ရိုး(မူကြမ်း)ကို ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန (သင်ရိုးညွှန်းတမ်းဗဟိုဌာန)တွင် စိစစ်တည်းဖြတ်ပြင်ဆင်ဖြည့်စွက်စေပြီးနောက် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီသို့ ဆက်လက်တင်ပြအတည်ပြုချက်ရယူလျက် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်မှစတင်၍ ကျောင်းပြင်ပမူလတန်းပညာရေး သင်ရိုးညွှန်းတမ်းများအား အဆင့်မြှင့်တင်မှုဆောင်ရွက်နိုင်ခဲ့သည်။

ကျောင်းပြင်ပပညာရေး တက်ရောက်နေသည့် ကျောင်းသားတစ်ဦးချင်းစီ၏ အရည်အသွေးတိုးတက်စေရန်အတွက် ကျောင်းပညာရေးတွင် သင်ကြားနေသော သင်ရိုးညွှန်းတမ်း၏ နယ်ပယ်များဖြစ်သည့် အသိပညာ(Knowledge)၊ ကျွမ်းကျင်မှု(Skills) နှင့် စိတ်ဓာတ်မြင့်မားရေး (Attitude)တို့ရရှိစေရန်အတွက်လည်း ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနသည် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (သင်ရိုးညွှန်းတမ်းဗဟိုဌာနခွဲ)၊ စာတတ်မြောက်ရေး အထောက်အကူပြုပင်မအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနမှ သင်ရိုးကျွမ်းကျင်သူများနှင့်ပူးပေါင်း၍ ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး သင်ရိုးညွှန်းတမ်းအသစ်များအား အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ စိစစ်ခွင့်ပြုချက်များနှင့်အညီ ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာအုပ်အသစ်များ ပြုစုထုတ်ဝေနိုင်ခဲ့သည်။

**ကျောင်းပြင်ပပညာရေးတက်ရောက်နိုင်သည့် အသက်ကန့်သတ်ချက်များ**

ကျောင်းပြင်ပမူလတန်းပညာရေးသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ဖူးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာမပြီးဆုံးမီ ကျောင်းထွက်စောခဲ့သူ၊ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ကလေးများကို ဒုတိယအကြိမ် ပညာသင်ယူမှုအခွင့်အလမ်းထပ်မံဖြည့်ဆည်းပေးရန်နှင့် ဆက်လက်သင်ယူခွင့်ရရှိစေရန် ရည်ရွယ်လျက်ဆောင်ရွက်ပေးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်နှင့်အညီ ကျောင်းပြင်ပမူလတန်းပညာရေးတွင် ပညာသင်နှစ်ကာလနှစ်နှစ်ဖြစ်သော NFPE Level–1 (ပထမအဆင့်) နှင့် NFPE Level–2 (ဒုတိယအဆင့်)တို့ကို တက်ရောက်နိုင်သည်။

ထို့အတူ ကျောင်းပြင်ပအလယ်တန်းပညာရေးသည် အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအလယ်တန်းအဆင့်သို့တက်ရောက်ရန် အခက်အခဲရှိသော ကလေးများ၊ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့်မပြီးမီ ကျောင်းထွက်ခဲ့ရသော ၁၃ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကလေးများကို အခြေခံပညာအထက်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်ပြီး ဘဝရှေ့ရေးသာယာစေရန်အတွက် ဆောင်ရွက်ပေးနေသော အစီအစဉ်တစ်ရပ်ဖြစ်သည်။

**ကျောင်းပြင်ပပညာရေး၏ ဝင်ခွင့်အတွက်စစ်ဆေးခြင်း**

မူလတန်းပညာရေးကို ပြီးဆုံးအောင်မတက်ခဲ့ရသည့် ကလေးများသည် ကျောင်းပြင်ပမူလတန်းပညာရေးကို တက်ရောက်မည်ဆိုပါက အရည်အချင်းစစ်ဆေးလွှာ (Test Card) ဖြင့် စစ်ဆေးခံရမည်ဖြစ်ပြီး တာဝန်ရှိသူများက Level သတ်မှတ်ပေးပြီးနောက် သက်ဆိုင်ရာစခန်းတွင် သင်ကြားသင်ယူမှု ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အတူ အလယ်တန်းပညာရေးမပြီးဆုံးသေးသော ကလေးများသည်လည်း ကျောင်းပြင်ပအလယ်တန်းပညာရေးကို တက်ရောက်မည်ဆိုပါက NFPE Level –2 ပြီးမြောက်သူနှင့် ပဉ္စမတန်းအောင်သူများသည် NFME Level – 1 သို့လည်းကောင်း၊ ဆဋ္ဌမတန်းအောင်သူများသည် NFME Level – 2 သို့လည်းကောင်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းအောင်သူများသည် NFME Level – 3 သို့လည်းကောင်း တက်ရောက်သင်ယူနိုင်ခွင့်ရရှိကြမည်ဖြစ်သည်။

**စာမျက်နှာ ၁၄ သို့** ❐

❐ စာမျက်နှာ ၁၃ မှအဆက်

**ကျောင်းပြင်ပပညာရေး၏ အောင်မြင်မှုအသီးအပွင့်များ**

ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန အသစ်ဖွင့်လှစ်ပြီးနောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အထိ ကျောင်းပြင်ပမူလတန်းကလေးငယ် ၅၄၂၈၀ ဦးအား လည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်းပညာရေးကလေးငယ် ၁၉၉၉ ဦးအား လည်းကောင်း သင်ကြားသင်ယူခွင့်များရရှိစေခဲ့သည်။ အထက်ဖော်ပြပါ ကျောင်းပြင်ပပညာရေးဖြင့် သင်ကြားသင်ယူခွင့်ရရှိခဲ့သော ကလေးငယ်များအနက် ထူးခြားအောင်မြင်ခဲ့သူများအနေဖြင့် ၂၀၁၆ မှ ၂၀၂၃ အထိ ကျောင်းပြင်ပမူလတန်းပျိုးထောင်မှုမှတစ်ဆင့် အခြေခံပညာအထက်တန်းအဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူ ၁၂၃ ဦးရှိခဲ့ပြီးဖြစ်သည်။

ဤနေရာတွင် စာရေးသူတင်ပြလိုသော အချက်တစ်ချက်ရှိသည်။ စာရေးသူ၏ ဆရာသမားတစ်ဦးဖြစ်သော ယခုအငြိမ်းစားဆရာမကြီးတစ်ဦးသည် ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်စဉ်ကာလ၌ "Education for All" အရ “ လူတိုင်းအတွက် ပညာရေး” ဟု ဆိုနိုင်သကဲ့သို့ "All for Education" “ပညာရေးအတွက် လူအားလုံးတာဝန်ရှိကြောင်း” ပြောဆိုခဲ့သည်ကို ကြားသိခဲ့ရသည်။ ယခုအချိန်သည် အဆိုပါဆရာမကြီးပြောခဲ့သလို ပညာရေးအတွက် အားလုံးတွင်တာဝန်ရှိနေသည်မှာ ပကတိအမှန်တရားတစ်ခုပင်ဖြစ်နေသည်။

အချုပ်အားဖြင့်ဆိုသော် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ရောက်ရှိနေကြသည့်ကလေးများအတွက် တန်းညှိပညာရေးအစီအစဉ်ဖြစ်သော ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်များသည် နိုင်ငံအတွင်းအမှန်တကယ်ပထမအကြိမ်ပညာသင်ယူခွင့်ဆုံးရှုံးနစ်နာခဲ့ရသည့် ကလေးသူငယ်များအတွက် ဒုတိယအကြိမ်ကြိုးစားခွင့်ဖန်တီးပေးထားသည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ သို့ရာတွင် ဒုတိယအကြိမ်အခွင့်အလမ်းအားကျောင်းပြင်ပရောက် ကလေးငယ်တိုင်းရရှိစေရန်မှာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များ၊ မိဘသို့မဟုတ် အုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမတို့၏ စေတနာမေတ္တာအရင်းခံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့အပေါ်တွင် ကြီးစွာမူတည်နေကြောင်း စာရေးသူအနေဖြင့်တင်ပြလိုသည်။

အဆိုပါကလေးငယ်များ၏ ဒုတိယအကြိမ်အခွင့်အလမ်းကို ထပ်မံဆုံးရှုံးခဲ့ရပါက ကလေးငယ်အတွက်သာမက ၎င်း၏မိသားစုနှင့်ပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်အတွက် ထိခိုက်ဆုံးရှုံးမှုများစွာရှိနေပါသဖြင့် ပြည်သူတစ်ရပ်လုံး၏ပံ့ပိုးကူညီမှုဖြင့် ပစ္စုပ္ပန်နှင့်အနာဂတ်နိုင်ငံတော်ကြီးတွင် အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းဖြစ်လာစေရန်အတွက်လည်းကောင်း၊ ဗလငါးတန်ဖွံ့ဖြိုး၍နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိပြီး အကျင့်စာရိတ္တကောင်းမွန်သည့်လူငယ်များပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းပညာရေးသာမက ကျောင်းပြင်ပပညာရေးဖြင့်ဟန်ချက်ညီညီ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် "Education for All" မှသည် "All for Education" အဖြစ်သို့ ဆောင်ရွက်နိုင်ကြရေးအတွက် ပညာရေးဝန်ကြီးဌာနအပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ သင်ကြားရေးဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ နယ်စပ်ဒေသကျေးရွာ၊ ရပ်ကွက်အလိုက် တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

TZT (MoE)

# လှိုင်ကော်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



လှိုင်ကော် ဇွန် ၉

ကယားပြည်နယ် လှိုင်ကော်မြို့ ချိကယ်ရပ်ကွက်ရှိကန္ဒရဝတီဘုန်းကြီးကျောင်း (ချိကယ်) မြေနေရာ၌ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင့်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအမှတ်တရအဖြစ် ပျိုးပင်များကိုစိုက်ပျိုးပေးကြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်နေရာများအလိုက် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ခါတော်မီ၊ ခရေ၊ ကံ့ကော်၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ဆီသပြေ၊ သပြေဘူတစသည့် သစ်အမျိုးအစား ၁၁ မျိုး ပါဝင်သည့် ပျိုးပင်စုစုပေါင်း ၂၅၀၀ ကိုစိုက်ပျိုးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးတို့က တက်ရောက်လာသည့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။ (၄၀၅)

# ကန့်ဘလူမြို့နယ်၌ မိုးစပါး ၁၄၂၅၅၈ ဧက စိုက်ပျိုးရန်လျာထား ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေး ဆောင်ရွက်မည်

ကန့်ဘလူ ဇွန် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၏ ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၂၅၅၈ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျာထားပြီး စပါးထုတ်လုပ်မှုတိုးတက်လာခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ ရာသီဥတုရေမြေဒေသနှင့်ကိုက်ညီသောအထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်သုံးစွဲရေး၊ လေ့ကျင့်ပညာပေးရေးနှင့် သုတေသနဖွံ့ဖြိုးရေးရည်မှန်းချက်များကို အဓိကထား၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တွန်းအားပေးစိုက်ပျိုးမည်ဖြစ်သည်။

ကန့်ဘလူမြို့နယ်အတွင်း၌ စပါးစိုက်ဧကတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ဆည်ရေကိုအကျိုးရှိစွာအသုံးချဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ သွင်းအားစုများစနစ်တကျထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုများလျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို တိုးတက်သုံးစွဲလာနိုင်စေရန် ပေါင်းစပ်ကူညီပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တောင်သူများအား စိုက်ပျိုးနည်းစနစ်များဆိုင်ရာ နည်းပညာများ ဟောပြောခြင်း၊ ရာသီအလိုက်ဖြစ်ပွားတတ်သော ပိုးမွှားရောဂါများကျရောက်မှုမရှိစေရေးနှင့်ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်စေရန် နည်းပညာပေးဟောပြောခြင်းစသည့် စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲများကိုလည်း တိုက်နယ်အလိုက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## အနာဂတ်အင်အား

❖ ကျောင်းတော်ကြီးက ခေါင်းလောင်းသံ
ဒိုးဒိုးဒေါင်ဒေါင်ညံ။
ကျောင်းခန်းဝင်ရန် အချက်ပေး
သွားကြပါစို့လေး။

❖ တစ်ပြေးတည်းလေး ထိုင်လို့သာ
ဦးချညီညီညာ။
လက်အုပ်ချီကာ မြတ်တရား
ရွတ်ဖတ်ပူဇော်ပွား။

❖ သင်အံကြားမည့် မြတ်ဆရာ
ဝိုင်းဖွဲ့ဆီးကြိုကာ။
မင်္ဂလာပါ ဆရာမ
ညီညာနှုတ်ဆက်ကြ။

❖ ရေးချွတ်နှုတ်ဟ ရွတ်ဖတ်ကာ
စာဂမြတ်ပညာ။
စာအုပ်ထဲမှာ လိုက်မှတ်ရေး
စုပေါင်းသီဆိုကြွေး။

❖ သင်ကြားပေးရင်း မသိတာ
ရှင်းလင်းပြောပြရှာ။
စူးစိုက်သေချာ နားထောင်ကြ
စာတတ်မြောက်ဖို့ဗျ။

❖ ညီညာထကြွ ရိုင်းပင်းကူ
ဝိုင်းဝန်းဖေးမထူ။
ရွက်ထမ်းညီတူ အံ့မခန်း
စုပေါင်းညီညွတ်စွမ်း။

❖ စိတ်ဓာတ်စည်းကမ်း မြတ်ပညာ
ကျောင်းတော်က “စ”တာ။
စံပြနမူနာ ပြည့်ပြည့်ဝ
ယဉ်ကျေးသိမ်မွေ့လှ။

❖ စာတတ်မြောက်မှ မြန်မာပြည်
ဖွံ့ဖြိုးတိုးတက်မည်။
ရှေ့သို့လှမ်းချီ လူငယ်များ
အနာဂတ်ခွန်အား။

❖ ကျောင်းသူ ကျောင်းသား လူရည်ချွန်
နောင်ခေတ်ခေါင်းဆောင်မွန်။
ဦးဆောင်လမ်းညွှန် တိုးတက်ရေး
ကြိုးစားကြစို့လေး။ ။

**နွေဦးကိုကို(နေပြည်တော်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၀-၆-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သန်လျင်နှင့်ရွှေပြည်သာအသင်းတို့ ပထမဆုဆွတ်ခူး



ရန်ကုန် ဇွန် ၉

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် ၂၃ နှစ်အောက် အမျိုးသား/ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သန်လျင်နှင့် ရွှေပြည်သာအသင်းတို့ ပထမဆုဆွတ်ခူးရရှိကြသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား သုံးယောက်တွဲ၊ အမျိုးသားလေးယောက်တွဲ၊ အမျိုးသမီးသုံးယောက်တွဲနှင့် အမျိုးသမီးလေးယောက်တွဲပွဲစဉ်များထည့်သွင်း၍ ဇွန်လ ၂ ရက်မှစတင်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲများအပြီးတွင် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ၌ ရွှေပြည်သာအသင်းက ပထမ၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲ၌သန်လျင်အသင်းက ပထမ၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ၌ သန်လျင်အသင်းက ပထမ၊ အမျိုးသမီးလေးယောက်တွဲ ပြိုင်ပွဲ၌ ရွှေပြည်သာအသင်းက ပထမဆုများ ဆွတ်ခူးရရှိခဲ့ကြသည်။

ပြိုင်ပွဲ၏နောက်ဆုံးဗိုလ်လုပွဲဖြစ်သည့် အမျိုးသားလေးယောက်တွဲ ရွှေပြည်သာအသင်းနှင့် သန်လျင်အသင်းတို့၏ ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားခန်းမ၌ ပြုလုပ်ပြီး ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပသည်။ ဆုချီးမြှင့်ပွဲတွင် အမျိုးသမီးအကောင်းဆုံးဆု၊ အမျိုးသားအကောင်းဆုံးဆု၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတို့တွင် ဒုတိယနှင့် တတိယဆုများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့်တာဝန်ရှိသူတို့က ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော သန်လျင်မြို့နယ်အသင်းနှင့်အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသောရွှေပြည်သာမြို့နယ်အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုငွေနှင့် ပထမတံခွန်စိုက်ဆုဖလားတို့အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# နှစ်နိုင်ငံအကြား ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟာရီရှ်ချန်ဒရာ ဂီမီရေးအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မန္တလေးငလျင်လှုပ်ခတ်ပြီးနောက် ကယ်ဆယ်ရေးအတွက် မြန်မာအစိုးရ၏ကြိုးပမ်းမှုများအပေါ် နီပေါနိုင်ငံကပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


## အထူးမိုးလေဝသသတင်း


# တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇွန် ၉

ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန်လ ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့်နေရာကွက်၍မိုးကြီးမည်၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင်၃၀မှ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြင်ဦးလွင်ခရိုင်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့်စိမ်းလန်းစိုပြည်ရေး ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား အသီးသီးရှင်းလင်းတင်ပြ**

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဧပြီလအတွင်း ပြင်ဦးလွင်ဒေသသို့ရောက်ရှိစဉ် ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ရာတွင် ရေအရင်းအမြစ်များ ကွင်းဆင်းလေ့လာခြင်း၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိဆည်၊ တာတမံများအတွင်း ရေပိုမိုသိုလှောင်နိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ဖြစ်ပေါ်လာနိုင်မည့် အကျိုးရလဒ်များ၊ ရေလှောင်တမံအသစ်များနှင့် ရေလွှဲဆည်များထပ်မံဆောင်ရွက်နိုင်မည့်အခြေအနေများအပေါ် ရေအရင်းအမြစ်များအား မြေပြင်ကွင်းဆင်းစစ်ဆေးချက်များအရ လျာထားသုံးသပ်တင်ပြချက်များနှင့် ဖြစ်ပေါ်လာနိုင်မည့် အကျိုး၊ အပြစ်များ၊ ဘူမိဗေဒဆိုင်ရာအခြေအနေသုံးသပ်တင်ပြချက်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့နယ်၏ ပထဝီဝင်ဆိုင်ရာအချက်အလက်များနှင့် မြို့ပြနှင့် ကျေးလက်လူနေထိုင်မှု၊ ပြင်ဦးလွင်မြို့နယ်အတွင်း လက်ရှိရေပေးဝေရာတွင်ရယူလျက်ရှိသည့် ရေအရင်းအမြစ်များနှင့်ရေပေးဝေနိုင်မှု၊ ပြင်ဦးလွင်မြို့နယ်အား ဇုန်များပိုင်းခြားသတ်မှတ်၍ ရေဖူလုံစွာပေးဝေနိုင်ရေးဆောင်ရွက်နိုင်မည့် နည်းလမ်းများအပေါ် သုံးသပ်တင်ပြချက်များ၊ ပြင်ဦးလွင်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန် ဖော်ဆောင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောမြေတည်ရှိမှုနှင့် သစ်တောဖုံးလွှမ်းမှု၊ မြို့နယ်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောလုပ်ငန်းများအား နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပြင်ဦးလွင်မြို့နယ် မြို့ပြစိမ်းလန်းစိုပြည်ရေးနှင့် လမ်းများကောင်းမွန်မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လုပ်ငန်းဖြစ်နိုင်ခြေများအနက် ကာလတိုအတွင်း ထိရောက်လျင်မြန်သော အစီအမံ(Quick Win Plan)ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ **ရေလှောင်တမံများအား အဆင့်မြှင့်တင်ရာတွင် တမံများ၏ သက်တမ်းနှင့် ကြံ့ခိုင်မှုတို့ကို စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်လို**ကြောင်း၊ **ရေလှောင်တမံများနှင့် ရေလွှဲဆည်များ တည်ဆောက်ရန်လျာထားရာ၌ အကျိုးပြုဧရိယာနှင့် ရေသုံးစွဲမည့် လူဦးရေပမာဏ၊ နောင်အနာဂတ်တွင် တိုးပွားလာနိုင်မည့် လူဦးရေပမာဏတို့ကိုလည်း ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်လို**ကြောင်း၊ **ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း မြို့ပြနှင့် ကျေးလက်လူနေထိုင်မှု၊ အလုပ်အကိုင် ဆောင်ရွက်မှု၊ လူနေမှုပုံစံတို့ကို စနစ်တကျ ပြုစုဆောင်ရွက်သွားရန်လိုပြီး ယင်းအချက်အလက်များအပေါ်တွင်အခြေခံ၍ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ဖော်ဆောင်နိုင်မည်**ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို ပြည့်ပြည့်ဝဝ အသုံးချနိုင်ရန်လိုပြီး တောင်ယာစိုက်ပျိုးခြင်းအစား လယ်၊ ကုန်းမြင့်လယ် စိုက်ပျိုးခြင်းကို ဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်သည့်ရေအရင်းအမြစ်လုံလောက်စွာရရှိရေးနှင့် သွင်းအားစုများပြည့်မီအောင် ထည့်သွင်းရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရာ၌ ဇုန်ဧရိယာများ ဖော်ထုတ်စဉ်ကတည်းကပင် ရေအရင်းအမြစ်ရရှိနိုင်မှု၊ ကုန်ထုတ်လမ်းဖော်ဆောင်ပေးနိုင်မှုနှင့်အခြားအခြေခံအချက်အလက်များအားလုံးကို ထည့်သွင်းတွက်ချက်၍ သတ်မှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူသည့် အခြေခံလိုအပ်ချက် ၄ ခုအပေါ်အခြေခံ၍ စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် **ပြင်ဦးလွင်မြို့နယ်တွင် လူနေထိုင်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ်များပြားလာသည်ကို**

# လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှုစစ်ဆေး

စစ်တွေ ဇွန် ၉

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ သင်္ဘောများဖြင့် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်း၌ အမ်ဗွီရဲထွန်းအောင်(၁) သင်္ဘောတွင် ဆန်နှင့် အခြေခံစားသုံးကုန်ပစ္စည်းများ ကုန်တင်ကုန်ချပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမ်ဗွီအောင်ရတနာသီရိ(၁) သင်္ဘောနှင့် အမ်ဗွီအောင်ရတနာငွေ သင်္ဘောတို့ပေါ်မှ ဆန်၊ စားသုံးဆီနှင့်အခြေခံစားသောက်ကုန်များ ကုန်တင်ကုန်ချပြုလုပ်နေမှုအား ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ အလားတူ စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဆိပ်ကမ်း၌လည်း အမ်ဗွီမင်းခန့်ဖြိုးသင်္ဘောပေါ်မှ ဆန်နှင့်အခြေခံစားသောက်ကုန်များကို ကုန်တင်ကုန်ချပြုလုပ်လျက်ရှိသည်။

စစ်တွေမြို့တွင် ကုန်တင်ကုန်ချပြုလုပ်နေသော အမ်ဗွီရဲထွန်းအောင်(၁)သင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၈၉၉ ဒသမ ၇ တန်၊ အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၁၁၅၀၊ အမ်ဗွီအောင်ရတနာငွေသင်္ဘောတွင် ဆန်၊ စားသုံးဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၁၁၀၅ တန်၊ အမ်ဗွီမင်းခန့်ဖြိုးသင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၃၃၇ တန် တင်ဆောင်၍ စစ်တွေမြို့သို့ရောက်ရှိလာခြင်းဖြစ်သည်။

ထိုသို့သွားရောက်ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကုန်ပစ္စည်းများအား ကုန်တင်ကုန်ချပြုလုပ်ရာ၌ ယာယီနေရပ်စွန့်ခွာစခန်းများတွင် နေထိုင်ကြသည့် ပြည်သူများ ဝင်ရောက်လုပ်ကိုင်နေမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

**❖ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို ပြည့်ပြည့်ဝဝ အသုံးချနိုင်ရန်လိုပြီး တောင်ယာစိုက်ပျိုးခြင်းအစား လယ်၊ ကုန်းမြင့်လယ်စိုက်ပျိုးခြင်းကို ဆောင်ရွက်ကြရန်လို၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရာ၌ ဇုန်ဧရိယာများ ဖော်ထုတ်စဉ်ကတည်းကပင် ရေအရင်းအမြစ်ရရှိနိုင်မှု၊ ကုန်ထုတ်လမ်းဖော်ဆောင်ပေးနိုင်မှုနှင့် အခြားအခြေခံအချက်အလက်များအားလုံးကို ထည့်သွင်းတွက်ချက်၍ သတ်မှတ်ဆောင်ရွက် . . .**

**❖ ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ . . .**

**❖ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် အာရေးဗီးကားကော်ဖီသည် ကမ္ဘာပေါ်တွင် ဈေးကွက်ဝင်လူကြိုက်များသည့် ကော်ဖီအမျိုးအစားဖြစ်သဖြင့် ကော်ဖီထုတ်လုပ်မှုများကို စနစ်တကျစိုက်ပျိုးထုတ်လုပ်ဆောင်ရွက်၍ ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ် . . .**

**❖ ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်တွင် သစ်တောများဖုံးလွှမ်းမှုရှိစေရေး သစ်တောသစ်ပင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက်ဆောင်ရွက် . . .**

**❖ စိမ်းလန်းစိုပြည်မှုသည် မျက်စိပသာဒကိုဖြစ်စေပြီး အေးချမ်းမှုကို ခံစားရစေနိုင်သည်ဖြစ်သဖြင့် လမ်းမကြီးများ ဝဲ၊ ယာ၌ အရိပ်ရအပင်များကို စနစ်တကျဖြင့် စိုက်ပျိုး၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများကိုဆောင်ရွက်ရန်လိုအပ် . . .**

**တွေ့ရှိရပြီး ရာသီဥတုမျှတကောင်းမွန်ခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်ခြင်းတို့ကြောင့် လာရောက်နေထိုင်ကြခြင်းဖြစ်**ကြောင်း၊ **လူအများနေထိုင်ရာတွင် ရေသည်မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည့်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ဖူလုံစွာရရှိနိုင်ရေး၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေးကို ဖော်ဆောင်ပေးရမည်**ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ချယ်ရီပင်များ ကောင်းမွန်စွာပေါက်ရောက်သည့်ဒေသဖြစ်သည့်အတွက် ချယ်ရီမြို့တော်ဖြစ်စေရေး စနစ်တကျဖြင့် စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ပန်းမြို့တော်ဟု ယခင်ကတည်းကပင် နာမည်ရပြီးသားမြို့ဖြစ်သည့်အတွက် အစဉ်အလာကောင်းများကို ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ဒေသမျိုးရင်းပန်းမျိုးများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပမာအနေဖြင့် ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ပန်းမျိုးစုံတင်ပို့ရောင်းချခြင်းဖြင့် ဝင်ငွေများစွာရရှိကြောင်း၊ အဓိကအားဖြင့် ဂန္ဓမာနှင့်သစ္စာပန်းမျိုးများကို တင်ပို့ခြင်းဖြစ်ပြီး ပြင်ဦးလွင်၌ အောင်မြင်ဖြစ်ထွန်းသည့် ပန်းမျိုးများဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် အာရေးဗီးကားကော်ဖီသည် ကမ္ဘာပေါ်တွင် ဈေးကွက်ဝင် လူကြိုက်များသည့် ကော်ဖီအမျိုးအစားဖြစ်သဖြင့် ကော်ဖီထုတ်လုပ်မှုများကို စနစ်တကျစိုက်ပျိုးထုတ်လုပ်ဆောင်ရွက်၍ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြင်ဦးလွင်မြို့အနေဖြင့် အားကစားမြို့တော်အဖြစ် ဆောင်ရွက်နိုင်မည့်အခြေအနေကောင်းများကိုလည်း ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ဘောလုံးအားကစားပွဲများ၊ စက်ဘီးစီးပြိုင်ပွဲများနှင့် အခြားအားကစားနည်းများကို ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် Town Plan များရေးဆွဲရာတွင် အားကစားကွင်းများကိုပါ စနစ်တကျတွက်ချက်၍ ထည့်သွင်းရေးဆွဲဆောင်ရွက်သွားရန် လိုကြောင်း၊ **ပြင်ဦးလွင်မြို့အား Green City၊ Clean City၊ Smart City ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို**ကြောင်း၊ ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်တွင် သစ်တောများဖုံးလွှမ်းမှုရှိစေရေး သစ်တောသစ်ပင် ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဒေသတွင်းနေထိုင်သူများနှင့် ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်နေကြသူများက အဓိကဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသတွင် မွေးဖွားခဲ့ပြီး အသက်အရွယ်ကြီးမြင့်စွာရှိနေကြသည့် ဒေသခံများဖြင့် Elder အဖွဲ့ ဖွဲ့စည်းသွားရန်လည်းလိုပြီး ဒေသ၏အစဉ်အလာနှင့် ဂုဏ်သတင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ၎င်းတို့အနေဖြင့်အကြံပြုနိုင်မည်ဖြစ်ကြောင်း။

မြေအသုံးချမှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေနေရာများကို အမျိုးအစားအလိုက် အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မြေနှင့်ပတ်သက်၍ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် စနစ်တကျစီမံခန့်ခွဲသွားရန်လိုကြောင်း၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တောင်ယာခုတ်ထွင်မှုများပပျောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့် စပါးစိုက်ပျိုးနေသည့်ယာမြေများကို သီးထပ်စွမ်းအားမြှင့်တင်နိုင်မည့် စပါးစိုက်ပျိုးနိုင်သည့်လယ်မြေများအဖြစ် ဖော်ဆောင်ပေးနိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ တောင်ယာများနှင့်ပတ်သက်၍ ရွှေ့ပြောင်းတောင်ယာစနစ်များ ပပျောက်အောင် ဆောင်ရွက်သွားရန်လိုပြီး ကုန်းမြင့်လယ်များဖော်ထုတ်ပေးရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပြည်တွင်းပြည်ပမှ ခရီးသွားအများအပြား လာရောက်သည့်မြို့တစ်ခုဖြစ်သည့်အတွက် မိမိတို့ဒေသသို့ လာရောက်သည့်သူများကို အကောင်းဆုံးဝန်ဆောင်မှုများပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ဒေသထွက် သန့်ရှင်းလတ်ဆတ်သည့်အသီးအနှံနှင့် စားသောက်ဖွယ်ရာများ၊ ဒေသရိုးရာအစားအသောက်များဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အိမ်သာမှည့်လာမည်ဖြစ်သည့်အတွက် မိမိတို့ဒေသ သန့်ရှင်းသာယာလှပရေးအတွက်အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များအတိုင်း ပြည့်မီရန်လိုပြီး လမ်းမကြီးများဥပဒေကိုလည်း ပြည်သူများလိုက်နာမှုရှိစေရေး အသိပညာပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်မှုသည် မျက်စိပသာဒကိုဖြစ်စေပြီး အေးချမ်းမှုကို ခံစားရစေနိုင်သည်ဖြစ်သဖြင့် လမ်းမကြီးများ ဝဲ၊ ယာ၌ အရိပ်ရအပင်များကို စနစ်တကျဖြင့် စိုက်ပျိုးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ခွဲခြားစွန့်ပစ်သည့်အလေ့အကျင့်ကောင်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စံပြအဖြစ် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများမှ စံနမူနာပြဆောင်ရွက်သွားရန်လိုအပ်ပြီး ရပ်ရွာလူထုထံသို့ နမူနာယူအသိပညာပြန့်ပွားအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Green City၊ Clean City ဖော်ဆောင်မှု အောင်မြင်လာနိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲကျင်းပ

မုံရွာ ဇွန် ၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း၊ စေတနာအလှူရှင်များက ငွေကျပ် ၆၁ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနက သင်တန်းသား၊ သင်တန်းသူများအတွက် တစ်ကိုယ်ရေသုံးပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီးက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်းခင်းကျင်းပြသထားသည့် အားကစားအထောက်အကူပြုလေ့ကျင့်ရေးပစ္စည်းများ၊ အားကစားလုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး Incubation Centre ၌ကျင်းပသည့် စက်ချုပ်နည်းပညာသင်တန်း(အခြေခံ)နှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း(အခြေခံ) ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက စက်ချုပ်နည်းပညာသင်တန်း(အခြေခံ)နှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း(အခြေခံ)သို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများထံ သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများပေးအပ်ကြပြီး ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖြေဆိုကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကာ စာမေးပွဲဆိုင်ရာများလျှောက်ထား၍ ဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြကာ သတ်မှတ်ကျောင်းဆောင်များ၌ ၂၀၂၅ ခုနှစ် ဓမ္မာစရိယနှင့်ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေမှုများကိုလှည့်လည်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Quick Win Plan to be implemented to supply sufficient potable water to PyinOoLwin district, township




Senior General Min Aung Hlaing hears reports at the work coordination meeting for water supply, agriculture and greening tasks in PyinOoLwin Township, PyinOoLwin District at the National Landmarks Garden in PyinOoLwin.

NAY PYI TAW June 9

A work coordination meeting for water supply, agriculture and greening tasks in PyinOoLwin Township, PyinOoLwin District in Mandalay Region was held at the National Landmarks Garden in PyinOoLwin this morning and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the meeting.

Also present at the meeting were SAC Joint Secretary General Ye Win Oo, SAC Member Deputy Prime Minister and Union Minister for Defence General Maung Maung Aye, union ministers, senior military officers from the Office of the Commander-in-Chief, the usual entourage, the chief minister of Mandalay Region, the commander of Central Command, district-and township-level departmental officials and responsible officials.

**Tasks carried out for water supply, agriculture and greening reported to the Senior General**

First, Union Minister for Agriculture, Livestock and Irrigation U Min Naung reported to the Senior General on implementation of guidance on sufficient water supply in PyinOoLwin Township in PyinOoLwin District given the Senior General when he visited PyinOoLwin in April, field observations of water resources to explore ways and means to supply water to PyinOoLwin Township in PyinOoLwin District, upgrading tasks of dams and embankments in PyinOoLwin to store more water and possible outcomes and conclusions of field trips for water resources, advantages and disadvantages and geological surveys for construction of new dams and diversion dams. Mandalay Region Chief Minister U Myo Aung reported to the Senior General on geographical facts and human settlement in urban and rural areas in the township, water resources currently used to supply water to the township and water supply operations, reviews to supply sufficient water to PyinOoLwin by dividing the township into zones, agriculture carried out in the township and livestock breeding zones and tasks carried out for sanitation and pleasantness of the township. Union Minister for Natural Resources and Environmental Conservation U Khin Maung Yee reported to the Senior General on forest areas and forest coverage and forestry works carried out year by year for the greening of the township. Union Minister for Construction U Myo Thant reported to the Senior General on measures taken for urban greening and road maintenance works .



Senior General Min Aung Hlaing delivered an address at the work coordination meeting for water supply, agriculture and greening tasks in PyinOoLwin Township, PyinOoLwin District at the National Landmarks Garden in PyinOoLwin.

**The Senior General makes additional remarks**

After hearing the reports, the Senior General said it is necessary to implement a Quick Win Plan to tap potentials within a short period effectively and successfully to supply sufficient water to the township and the district. In upgrading dams, it is important to conduct systematic surveys on lifespan and resilience of them. In developing projects for construction of dams and diversion dams, it is necessary to take irrigation areas, the beneficiary population and the future population into consideration. It is also vital to systematically record data on human settlement in rural and urban areas, employments and life-styles and socioeconomic lives of the region and residents can be enhanced based on the data. In carrying out agriculture tasks, it is necessary to utilize agricultural land to its full extent and to replace crop cultivation with farming or highland farming. It is essential to provide necessary water supply and inputs. In implementation of agriculture and livestock breeding zones, it is essential to availability of water resources, ability to construct production roads and other basic needs

See Page - 19 ►►

►► From Page - 18

into construction since the beginning. In carrying out agricultural tasks, it is necessary to take basic needs including seeds, land, water and techniques into account.

**Discussion on regional development**

Subsequently, the Senior General, in his remarks, noted that the population in PyinOoLwin Township has been increasing year by year. This is attributed to the favourable climate, the availability of fresh fruits and vegetables at affordable prices, and the overall appeal of the area, which encourages people to settle there. He emphasized that water is an essential resource for residents, and efforts must be made to ensure a sufficient supply of drinking and irrigation water, as well as sustainable water resource management.

PyinOoLwin is being developed as the Cherry City, Flower City, Coffee City, Education City, and Health City. As a region where cherry trees thrive, systematic cultivation is needed to establish it as a Cherry City. The town has long been known as a Flower City, and its traditional heritage must be preserved while continuing to protect native flower varieties. For example, Vietnam generates significant revenue by exporting various flowers, particularly Gandama and Thitsa, which are also successfully grown in PyinOoLwin. Similarly, Arabica coffee from PyinOoLwin is highly sought after in global markets, so systematic cultivation and increased exports should be prioritized. Additionally, PyinOoLwin has the potential to become a Sports City, with opportunities to host events like football matches, cycling races, and other sports. Town planning should include well-designed sports facilities. Furthermore, efforts should be made to transform PyinOoLwin into a Green City, Clean City, and Smart City by preserving and restoring forests in the surrounding areas. Local residents and officials stationed in the region must take the lead in these development efforts, with the state providing necessary support. Forming an Elders' Group with senior local residents is also recommended to preserve traditions, uphold the region's reputation, and provide guidance for development.

Regarding land use, efforts should be made nationwide to utilize land effectively based on its classification. Responsible authorities at all levels must manage land systematically. To protect forests and the natural environment, slash-and-burn agriculture must be eliminated across the country. Existing paddy fields should be developed into high-yield agricultural lands through research and innovation. Shifting cultivation practices should be phased out, and upland farming should be promoted.

As PyinOoLwin attracts many domestic and international tourists, providing top-quality services is essential to support regional development. Locally produced fresh fruits, vegetables, and traditional foods should be used to attract visitors. Cleanliness and aesthetic appeal are crucial, as guests come only when a home is sweet, so the entire community must work together to keep the area clean and beautiful. Roads must meet designated standards, and public compliance with traffic laws should be encouraged through awareness campaigns. Planting shade trees along roads systematically will enhance visual appeal and promote tranquility. To ensure cleanliness and beauty across regions, states, towns, and villages, proper waste segregation practices must be adopted. Ministries and relevant departments should lead by example, promoting these practices to communities to achieve the goal of establishing Green Cities and Clean Cities nationwide.

**100**

# Farmers complete harvest of monsoon paddy in Mawlaik Township

MAWLAIK June 9

Based on statistics of the Mawlaik District Department of Agriculture, the monsoon paddy planted during the monsoon cropping season has been fully harvested in Mawlaik Township of Sagaing Region.

This year, farmers in Mawlaik Township cultivated monsoon paddy across 18,960 acres of farmlands. Harvesting began in November 2024, and as of today, all 18,960 acres have been successfully harvested. The average yield was reported to be 83.65 baskets of paddy per acre.

"Mawlaik Township successfully cultivated monsoon paddy over 18,960 acres, and now the entire cultivated area has been fully harvested. We provided necessary technical support and quality seeds to ensure timely planting. Our team also worked closely with farmers to assist them throughout the growing season," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

To ensure smooth and systematic farming, local agricultural offices collaborated with farmers, providing technical assistance, pest control awareness, and disaster prevention measures. Efforts were also made to ensure harvested rice reached proper storage facilities in a timely manner.

Moreover, the Department of Agriculture and its staff implemented various agricultural techniques to maximize yield and crop quality. These included selecting high-quality seeds, preventing pest infestations, applying proper fertilization techniques, weeding and thinning practices, and ensuring the effective use of agricultural inputs.

**SMK**

# Monywa District completes cultivation of more than 1,000 acres of lima bean

MONYWA June 9

Statistics of Monywa District Agriculture Department stated that a total of 1,414 acres of lima bean has been planted in Monywa District of Sagaing Region this cold season.

Local farmers started cultivation of lima bean in October 2024 and they have so far planted 1,414 acres of crops against the target of 1,480 acres.

The Head of Monywa District Agriculture Department explained: "Local authorities earmarked cultivation of 1,480 acres of lima bean but farmers could grow 1,414 acres of crops. They are trying hard to meet the target cultivation with the help of the relevant Agriculture Department. Lima beans are thriving in Monywa District. Local farmers grow the crops to fetch good prices."

So far, local farmers have planted 962 acres of lima bean in Monywa Township, 77 acres in Budalin Township and 375 acres in ChaungU Township.

Some farmers cultivation lima bean as separate crops in Monywa District last monsoon but some farmers grow it as mixed crops to earn increased incomes.

**SMK**

# Sagaing Township harvests monsoon paddy on all sown acres

SAGAING June 9

Local farmers have so far completed harvest of monsoon paddy in Sagaing Township of Sagaing Region, according to the township Agriculture Department.

They grew 26,125 acres of monsoon paddy. They started harvest in November 2024, and so far they have harvested all sown acreage of monsoon paddy, yielding 83.64 baskets per acre.

U Myo Thant Aung, Head of Sagaing Township Agriculture Department said: "Farmers planted 26,125 acres of monsoon paddy in Sagaing Township. They have harvested all acres of monsoon paddy. Officials of our department helped local farmers in growing paddy with necessary techniques and quality seeds."

Officials of the Township Agriculture Department cooperated with local farmers in systematic growing of monsoon paddy.

Agricultural staff shared agricultural techniques with local farmers with prevention of pests and keeping harvested paddy under shelter in time.

Staff of the department join hands with local farmers in growing monsoon paddy with weeding, prevention of pest, removal of different strains of crops and systematic broadcasting of fertilizers in order to increase per-acre yield of monsoon paddy.

**SK**

# Kanbalu Township harvests over 90,000 acres of winter peanuts

KANBALU June 9

A total of 97,968 acres of peanuts planted during the winter crops planting season have been harvested in Kanbalu Township, Kanbalu District, Sagaing Region, according to the statistics of the Department of Agriculture for Kanbalu Township.

The peanut fields that were planted have been harvested since January this year. Up to now, 97,968 acres have been harvested, with an output of 62.37 baskets per acre.

"All of the planted peanuts have now been harvested. The yield is good. We have planted more than the target area of peanuts. Oilseed crops are also successful. Peanut cultivation has been improving year by year. Most people plant peanuts in the winter rather than the rainy season," said U Myo Zaw, head of the Department of Agriculture for Kanbalu Township.

In Kanbalu Township, one and a half baskets of peanut seeds are planted per acre, and the cost of planting peanuts is more than Ks-200,000, including the costs of seed, labour, fertilizer, and pesticides. The yield per acre is more than 50 baskets.

**SK**

# Putin, Trump have working relationship, get straight to point in talks – Lavrov



MOSCOW June 9

Russian President Vladimir Putin and US President Donald Trump maintain a working relationship and immediately address substantive matters during phone conversations, Russian Foreign Minister Sergey Lavrov said on Monday.

"I believe the relationship established between the presidents during Donald Trump's first term is a working one. They need no preludes or introductions. In their regular phone contacts, they immediately get to the heart of the matter. I think this is how work should be done. It is always better to state your position directly – this avoids illusions and unfulfilled hopes," Lavrov said, speaking at the Forum of the Future 2050.

**Sputnik**

# Israel detains Greta Thunberg aboard Gaza aid boat

JERUSALEM June 9

Israeli naval forces have intercepted and detained the crew of the Gaza-bound civilian boat Madleen, which was attempting to deliver humanitarian aid. The vessel – dubbed a "selfie yacht" by the Jewish state – was carrying climate activist Greta Thunberg, French MEP Rima Hassan, and Irish actor Liam Cunningham, among others.

Operated by the Freedom Flotilla Coalition (FFC), the boat was intercepted early on Monday in international waters and is now being towed to the Israeli port of Ashdod. Israel's Foreign Ministry confirmed the detention, stating that the group was "expected to return to their home countries."

"All the passengers of the 'selfie yacht' are safe and unharmed. They were provided with sandwiches and water. The show is over," the Foreign Ministry posted on X.

The UN special rapporteur on Palestine, Francesca Albanese, said she was on the phone with the vessel's captain when the Israeli military intervened.

"At the time the boat was intercepted, no one was wounded," she wrote on X. "I heard the soldiers speaking while the captain was on the phone with me. I lost connection with the captain as he was telling me that 'another boat is approaching.'"Before the interception, the group claimed they were "under assault" by Israeli drones and quadcopters spraying a chemical-like substance. In a livestream video posted by the FFC, activist Yasmin Acar showed a white substance covering the deck. "It's affecting my eyes," she said, before the stream was cut.

The group later posted a photo showing crew members in lifejackets with their hands raised. It also released several pre-recorded appeals from participants. "SOS! The volunteers on Madleen have been kidnapped by Israeli forces," each of the messages claimed, urging the public to "pressure foreign ministries and help us keep them safe." **RT**

# Trump demands apology from LA officials over riots



LOS ANGELES June 9

US President Donald Trump has called on California Governor Gavin Newsom and Los Angeles Mayor Karen Bass to apologize for what he described as a "horrible" failure to control violent unrest in the city. Trump accused demonstrators in LA of being "paid insurrectionists" and held local leaders responsible for an escalation of clashes over the weekend.

In a post on Truth Social on Monday, Trump wrote: "Governor Gavin Newscum and 'Mayor' Bass should apologize to the people of Los Angeles for the absolutely horrible job that they have done, and this now includes the ongoing L.A. riots. These are not protesters, they are troublemakers and insurrectionists. Remember, NO MASKS!"

In a separate post, he added: "Paid Insurrectionists!"

Violence broke out in the city of Paramount on Saturday, where protesters confronted Immigration and Customs Enforcement (ICE) officers outside a Home Depot store. Tensions escalated and officers deployed tear gas and less-lethal rounds to disperse the crowd.

The White House confirmed that Trump had ordered the deployment of 2,000 National Guard troops to Los Angeles County, citing several days of protests and attacks on federal personnel. Around 300 Guard members are currently deployed, with 500 Marines on standby.

Large groups gathered on the 101 Freeway on Sunday. The California Highway Patrol moved to clear the southbound lanes between the 110 and 5/10 interchanges. Videos showed protesters waving Mexican flags and chanting "Viva la Raza" as traffic was halted. **RT**

# Severe storms disrupt flights, transport in Romania

BUCHAREST June 9

Romania's National Meteorological Administration (ANM) issued an orange alert on Monday as torrential rain and strong winds battered Bucharest and the surrounding Ilfov County.

The warning, valid for up to six hours, forecast heavy downpours, storms, strong wind gusts, and local flooding.

In Bucharest, severe rainfall flooded major roads, disrupted traffic, and led to the suspension of several tram lines. Emergency alerts urged residents to remain indoors.

Air traffic was also affected. According to the national airports company of Bucharest, multiple departing flights were delayed, while two inbound international flights – from Paris and Stuttgart -- were diverted to Constanta. A domestic flight from Cluj-Napoca was rerouted to Craiova.

Authorities remain on high alert, with unstable weather expected to persist into the afternoon. **Xinhua**

# Four killed, 9 injured after passengers fall off moving overcrowded train in India's Maharashtra

NEW DELHI June 9

At least four passengers were killed and nine others were injured Monday after they fell off an overcrowded moving local train in India's western state of Maharashtra, officials said.

The accident took place near Mumbra railway station in Thane District, about 44 km northwest of Mumbai, the capital city of Maharashtra.

According to railway officials, the passengers hanging off one of the local train's footboards collided with those similarly clinging to another train coming from the opposite direction.

"Due to two trains passing close to each other, passengers hanging outside fell off," Kailas Pawar, a senior health official said. "Thirteen people were injured and of them, four succumbed. The seriously injured were shifted for advanced treatment. Seven patients are currently admitted at Chhatrapati Shivaji Maharaj Hospital, where their investigations and treatment are ongoing."

Swapnil Dhanraj Nila, chief public relations officer of Central Railway, told the media it was not a collision. However, in this incident, the passengers travelling on footboards in trains in opposite directions got entangled.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# All the advantages of solar energy

An inexhaustible resource combined with versatile, silent, efficient technologies. One of the strengths of solar energy is that it is self-generating and can be used anywhere. And its advantages will only increase in the future.

Our star is the main energy source the Earth has always depended upon. It is the most powerful and most studied, and is one of the undisputed protagonists of the energy transition.

Some of the advantages of solar energyare shared by many other renewable sources. The most important of these is the ability to protect our planet from climate change: capturing and then exploiting the sun’s rays allows us to reduce our fossil fuel use without producing greenhouse gases and moves us towards energy self-sufficiency.

But what are the unique characteristics of solar energy that set it apart from other renewables, such as wind, geothermal and hydroelectric energy? We list them in eight points below to reveal our nearest star’s enormous potential for providing daily energy to both people and businesses.

**1. An energy source that is both renewable and inexhaustible by definition**

It is true that the yellow dwarf that gives our solar system its name won’t live forever. In fact, in four or five billion years’ time, it will come to the end of its main sequence and become unstable. In the meantime, however, and on a time scale that is more relevant to us, the sun remains an unchangeable and inexhaustible source of energy: day after day, year after year, it is and will always be there, always exactly the same.

In addition to being a fixed presence, the solar energy that reaches Earth is also abundant. If Earth were a flat disc angled towards the sun, it would receive 1,377 watts of solar power per square meter. The presence of our atmosphere, bad weather conditions and the Earth’s round shape lower this figure by almost ten times in the middle latitudes. That said, we would still only need to capture 6 percent of our solar energy to cover all of humanity’s energy needs.

**2. Everywhere gets sunlight**

It might seem trivial, but the fact that every single area of the Earth gets sunlight to a greater or lesser extent offers



a twofold advantage. First and foremost, sunlight is an energy source that can be used anywhere on the planet and even gets to places with no infrastructure or connections: hence in isolated, rural areas, places that are remote or difficult to get to, the sun is always a good option.

Following on from the above, solar energy can also be used on a hyperlocal scale, including by individuals for their own consumption. Just take a look at solar panels installed on roofs. If you reflect on that point, it is clear that this isn’t the case with many other renewables or they simply are not as simple to implement.

Once converted into electricity, solar energy is very simple to transport. That means that huge amounts of electricity can be generated in large solar farms, perhaps in areas of the Earth with the highest levels of sunlight, such as the equatorial belt.

**3. It’s very well suited to batteries and the electricity grid**

Photovoltaics produces energy mainly in the middle part of the day, but thanks to larger, more efficient and reliable storage systems, we’re better able to manage the discrepancy between energy demand and what the sun provides naturally. Although there may be differences from country to country, generally speaking, solar energy, particularly where photovoltaic technology is used to generate it, can be transferred directly to the electricity grid. This makes things like energy communities possible and allows private individuals and businesses to send the excess energy they produce to the market, guaranteeing them not only savings but also a source of income.

There is an important social advantage as well, because that energy becomes immediately available to populations in areas of the world that previously didn’t have access to traditional electrical networks, such as in Africa.

**4. The sun creates local wealth and jobs**

Of all green jobs, solar energy creates the most employment opportunities for developers, builders, installers and maintenance technicians at the power plants. Taking full advantage of solar brings new impetus to the economy and offers families, businesses and even nations an investment opportunity. According to a recent study published in Science Direct, “Job creation during the global energy transition to 100 percent renewable power systems by 2050”, the number of jobs in the photovoltaic sector alone will reach 22 million worldwide by 2050 (in 2019 there were 3.8 million, according to estimates by IRENA, the international agency for renewable energy.)

**5. Technological versatility**

Solar energy’s versatility also extends to its technology. The first thing that springs to mind is photovoltaic panels, but solar energy can also be used to create thermal energy by heating fluids, or by combining both types in the most modern thermodynamic solar power plants.

It is equally true that, compared to a fossil fuel system or even many other renewables, solar energy creates very little noise. Aside from a few components required for cooling, both the sun’s rays themselves and the devices used to collect their energy are extraordinarily quiet and therefore suitable for use in any setting.

**6. Minimal maintenance required**

Despite the fact that photovoltaic panels do gradually become less efficient, with a useful lifespan of 20-25 years, the kind of post-installation maintenance required is similar to that of a normal electrical system, with the addition of some periodic cleaning and little else, so maintenance is minimal.

**7. Green until the end of life**

Solar panels are extremely practical, not only in the installation stage, but also when it is time to remove or replace them. They are usually easy to dismantle and the materials used in them can be reclaimed, recycled and reused, further reducing the environmental impact of this kind of energy.

Having panels available that can be Combined in multiple ways means modular plants can be created that range from very small in size for domestic use to large-scale farms. This extreme versatility allows us to build plants according to the needs and particular characteristics of the local area.

**8. A solid, reliable technology**

Embedded in the reality of the 21st Century, photovoltaics is a mature technology. These systems are no longer pioneering and experimental solutions, as was the case in the last part of the 20th Century; now the reliability, durability and performance of these plants are all more than satisfactory.

So the future of solar energy looks rosy. While the solutions we have today already offer technical and economic guarantees, many interesting new innovations await us in the coming years. This is particularly true of efficiency: history has taught us that solar cell performance is improving over time and figures that might have seemed unattainable a couple of decades ago are increasingly within our reach (most notably, efficiency is now over 20 percent). At the same time, the price of solar cells is going the other way and they’re becoming cheaper. If we combine these two effects, we can say that solar energy is becoming increasingly accessible and available, as well as remaining highly competitive compared to other renewables.

**Enel**

AUTOMOBILE

## တတိယမျိုးဆက်လျှပ်စစ်ကား Leaf ကို အမြည်းပြသလိုက်တဲ့ နစ်ဆန်း

နစ်ဆန်းကုမ္ပဏီကထုတ်လုပ်ထားတဲ့ Leaf ဆိုတဲ့လျှပ်စစ်ကားက တစ်ချိန်တုန်းက လျှပ်စစ်ကားလောကကို ဦးဆောင်နိုင်ခဲ့သူဖြစ်ပါတယ်။ အခုဆိုရင် နစ်ဆန်းက သူတို့ရဲ့တတိယမြောက်မျိုးဆက်ဖြစ်တဲ့ Leaf လျှပ်စစ်ကားတစ်မျိုးကို အမြည်းပြသလိုက်ပါပြီ။ သူနဲ့ပတ်သက်တဲ့အသေးစိတ်အချက်အလက်များကိုတော့ ဒီလကုန်ပိုင်းမှာထုတ်ဖော်ပြသသွားဖွယ်ရှိတယ်လို့ မျှော်လင့်ရပါတယ်။

Leaf ကို ၂၀၁၀ ပြည့်နှစ်မှာစတင်ထုတ်လုပ်ခဲ့တာဖြစ်ပြီး လက်ရှိကမ္ဘာတစ်ဝန်းမှာ ခုနစ်သိန်းနီးပါးနဲ့သွားထားတဲ့ ကီလိုမီတာပေါင်း ၂၈ ဘီလီယံအထိရှိလာချိန်မှာ အခုတတိယမျိုးဆက် Leaf ကိုထုတ်လုပ်လာတဲ့အတွက် ဘယ်လိုခေတ်ရေ့ပြေးမှုတွေများပါဝင်နေမလဲလို့ အများကလည်းစိတ်ဝင်စားနေကြပါတယ်။

အမြည်းသဘောထုတ်ဖော်ပြသမှုမှာတော့ လေခွင်းအားကောင်းစေဖို့အတွက် ကားရဲ့ဒီဇိုင်းပိုင်းမှာ အပြောင်းအလဲများစွာလုပ်ထားတာတွေ့ရပါတယ်။ ဘာကြောင့်လဲဆိုရင် လေခွင်းအားကောင်းတာနဲ့အမျှ စွမ်းအင်သုံးစွဲမှုလည်း လျော့နည်းမည့်အတွက် ဖြစ်ပါတယ်။

ခေတ်ပေါ်ကားတော်တော်များများမှာ မပါသေးတဲ့လုပ်ဆောင်ချက်တစ်ခုဖြစ်တဲ့ Electrochromic နည်းပညာကို ကားအမိုးပိုင်းမှာသုံးထားတာတွေ့ရပါတယ်။ ဒီနည်းပညာကြောင့် ခလုတ်တစ်ချက်နှိပ်လိုက်ရုံနဲ့ အမိုးကိုဘယ်လောက်ရာခိုင်နှုန်းအထိဖောက်ထွင်းမြင်နိုင်မလဲဆိုတာ ရွေးချယ်နိုင်မှာပါ။

**Ref: AE**

**ကိုထက်**



## ဟွားဝေနည်းပညာသုံးမယ့် Xpeng

Xpeng ဆိုတာ တရုတ်နိုင်ငံရဲ့ လျှပ်စစ်ကားဈေးကွက်မှာ လွှမ်းမိုးမှုရှိတဲ့နာမည်တစ်ခုပါ။ အခုသူတို့က နောက်ထုတ်လုပ်မယ့်လျှပ်စစ်ကားတွေမှာ ကားအတွင်းအချက်အလက်ပြသမှုစနစ်ကို ဟွားဝေရဲ့နည်းပညာအသုံးပြုသွားမယ်လို့ ကြေညာလိုက်ပါပြီ။


Xpeng ကုမ္ပဏီက လူမှုကွန်ရက်တစ်ခုမှာတင်ထားတဲ့ဓာတ်ပုံအရဆိုရင် သူတို့ရဲ့နောက်လာမယ့်လျှပ်စစ်ကားအမျိုးအစားတွေမှာ HUD လို့ခေါ်တဲ့ မျက်နှာတူရူတည့်တည့်မှာ ကားရဲ့အချက်အလက်များကိုဖော်ပြပေးနေမယ့်စနစ်ပါဝင်နေတာကို တွေ့ရပါတယ်။ ဒီစနစ်က ဟွားဝေကုမ္ပဏီရဲ့စနစ်ပါ။

ဒီစနစ်မှာ မောင်းနှင်နေတဲ့မော်တော်ယာဉ်တစ်စီးအတွက် ဖော်ပြဖို့လိုအပ်တဲ့အလိုအပ်ဆုံးသောအချက်အလက်တွေကို ယာဉ်မောင်းက သာမန်လိုမျိုးခေါင်းကိုငုံ့ကြည့်စရာမလိုဘဲ ရှေ့လေကာမှန်မှာတင်မြင်ရအောင် ဖော်ပြပေးမယ့်စနစ်ပါဝင်နေပါတယ်။

Xpeng နဲ့ဟွားဝေတို့ဆိုတာ အဆင့်မြင့်နည်းပညာများကိုပိုင်ဆိုင်ထားတဲ့ကုမ္ပဏီများဖြစ်ပါတယ်။ ဟွားဝေကုမ္ပဏီဆိုရင် သူကိုယ်တိုင်လည်း လျှပ်စစ်ကားတွေကို ထုတ်လုပ်သလို သူ့ရဲ့နည်းပညာကိုအခြားကားတွေမှာအသုံးပြုနိုင်အောင် ပူးပေါင်းဆောင်ရွက်မှုတွေနဲ့အတူ နည်းပညာကဏ္ဍကိုလွှမ်းမိုးနိုင်အောင် ကြိုးပမ်းလာနေတာတွေ့ရပါတယ်။

**Ref: AE**

**ကိုထက်**




INNOVATION

## ပင်လယ်ကြမ်းပြင်အောက် ပေပေါင်း ၃၆၀၀၀ အထိကိုတူးနိုင်မယ့် တရုတ်ရဲ့မန်းရှန်



တရုတ်နိုင်ငံမှ မကြာသေးမီက စတင်အသုံးပြုလိုက်တဲ့ မန်းရှန်ဆိုတဲ့ရေယာဉ်တစ်မျိုးက သမုဒ္ဒရာရေပြင်အနက်ပိုင်းမှာ တူးဖော်မှုတွေလုပ်ဆောင်မယ့် ရေယာဉ်ဖြစ်ပါတယ်။ အခုဆိုရင် မန်းရှန်ကအရင်တုန်းက လူသားတွေတူးဖော်မှုမလုပ်ခဲ့ဖူးတဲ့နေရာတွေမှာ တူးဖော်လေ့လာမှုတွေကိုစတင်လုပ်ဆောင်နေပြီဖြစ်ပါတယ်။

မန်းရှန်ရဲ့အဓိကရည်ရွယ်ချက်က ကမ္ဘာ့အပေါ်ယံကျောက်ချပ်လွှာနဲ့ ကမ္ဘာ့အလယ်လွှာတို့ကြားကို တူးဖော်မှုတွေလုပ်ဆောင်နိုင်ဖို့ဖြစ်ပါတယ်။ ဒီလိုမျိုးတူးဖော်မှုကနေမှတစ်ဆင့် ကမ္ဘာ့အလယ်လွှာမှာရှိတဲ့နမူနာတွေကိုရယူခြင်းအားဖြင့် သုတေသနပညာရှင်တွေအတွက် ကမ္ဘာကြီးရဲ့ဖွဲ့စည်းတည်ဆောက်ပုံနဲ့ ဆင့်ကဲပြောင်းလဲမှုတို့ကို အသေးစိတ်လေ့လာနိုင်စေဖို့ကူညီပေးနိုင်မှာဖြစ်ပါတယ်။

မန်းရှန်ရေယာဉ်ကိုတည်ဆောက်မှုက အမေရိကန်ဒေါ်လာသန်း ၄၇၀ ကုန်ကျခဲ့ပေမယ့်လည်း သူ့မှာပိုင်ဆိုင်ထားတဲ့အရာတွေက တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ တူးဖော်မှုစွမ်းဆောင်ရည်ပိုင်းမှာတော့ ထိပ်တန်းအဆင့်ကိုရောက်ရှိစေပါတယ်။ သူ့ရဲ့တန်ချိန်က ၃၃၀၀၀ ရှိပြီး အကျယ်က ၃၂ ဒသမ ၈ မီတာရှိပါတယ်။ သူသွားလာနိုင်တဲ့ရေမိုင်ပမာဏက ၁၅၀၀၀ ရှိကာ ရက်ပေါင်း ၁၂၀ ကြာအောင် လုပ်ငန်းများကို အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းရှိတဲ့အတွက် ဝေးလံခေါင်ဖျားသမုဒ္ဒရာအတွင်းမှာ သူ့ရဲ့ရည်မှန်းချက်များကိုအောင်မြင်အောင်အကောင်အထည်ဖော်နိုင်စေမှာပါ။

မန်းရှန်ဆီမှာရှိတဲ့ အထင်ရှားဆုံးသောစွမ်းဆောင်ရည်တစ်ခုက အနက်ပေပေါင်း ၃၆၀၀၀ အထိကို တူးဖော်နိုင်စွမ်းရှိတာပါပဲ။ ဒီစွမ်းဆောင်ရည်က ယခင်ရှိဖူးသမျှသောတူးဖော်ရေးယာဉ်များထက် ပိုမိုမြင့်မားတာကိုတွေ့ရပါတယ်။ အရင်တုန်းက အနက်ဆုံးတူးနိုင်တာဆိုလို့ ပေ ၃၂၈၀၀ အထိပဲရှိပါတယ်။

အခုလိုမျိုးအဆင့်မြင့်မားတဲ့ တူးဖော်ရေးကိရိယာကိုရရှိစေဖို့အတွက် တီထွင်သူများက နည်းပညာပိုင်းဆိုင်ရာစိန်ခေါ်မှုများကို ခေတ်မီနည်းပညာများအသုံးပြုပြီးကျော်ဖြတ်နိုင်ခဲ့တာပါ။ သူ့မှာအသုံးပြုထားတဲ့ကိရိယာများအနက် အထင်ရှားဆုံးကိုပြရရင် အထူးပြုလုပ်ထားတဲ့တိုက်တေနီယံသတ္တုစပ်ပိုက်လုံးနဲ့ စိန်သွားတို့ပဲဖြစ်ပါတယ်။

**Ref: GI**

**ကိုထက်**

## ကမ္ဘာမြေပြင်ကိုအပြည့်ခင်းနိုင်မယ့်ရွှေများ ကမ္ဘာ့အူတိုင်မှာတည်ရှိနေ

ကမ္ဘာပေါ်မှာ လက်ရှိအသုံးပြုနေတဲ့ ရွှေများနဲ့ တခြားအဖိုးတန်သတ္တုပစ္စည်းများက ကမ္ဘာ့မြေမျက်နှာပြင်အောက် ကီလိုမီတာ ၃၀၀၀ ကျော်မှာပိတ်မိနေတာပါ။ ဒါကြောင့် ကမ္ဘာပေါ်ရှိမြေပြင်မှန်သမျှကို အမြင့် ၁ ပေခွဲကျော်အထိ အပြည့်ခင်းနိုင်စေမယ့်ရွှေများက ကမ္ဘာ့အူတိုင်မှာတည်ရှိနေနိုင်ဖွယ်ရှိတယ်လို့ သုတေသနပညာရှင်များကခန့်မှန်းထားပါတယ်။ ဒီလိုမျိုးအဖိုးတန်လှတဲ့သတ္တုပစ္စည်းများက လွန်ခဲ့တဲ့နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံခန့်တုန်းက ဒီကမ္ဘာဂြိုဟ်ကြီး စတင်ဖြစ်တည်လာစဉ်ကတည်းက ပိတ်မိနေခဲ့တာဖြစ်တယ်လို့လည်း ပညာရှင်များကပြောပါတယ်။



ဂေါ့တင်ဂျန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ဟာဝိုင်ယီရှိမီးတောင်မှနေထွက်ပေါ်လာတဲ့ မီးသင့်ကျောက်များကိုခွဲခြမ်းစိတ်ဖြာလေ့လာရာမှ ဒီအချက်ကိုခန့်မှန်းနိုင်ခဲ့ကြတာပါ။ ပညာရှင်များရဲ့ယူဆချက်တစ်ခုကိုပြောရရင် ကမ္ဘာကြီးရဲ့အလယ်အူတိုင်မှာ ရွှေတွေများစွာရှိနေပြီး အဲဒီရွှေတွေက မီးတောင်လှုပ်ရှားမှုနဲ့အတူ ကမ္ဘာ့အပေါ်ယံလွှာဆီ တက်လာတာဖြစ်တယ်လို့ဆိုထားတာဖြစ်ပါတယ်။

သုတေသနပညာရှင်များက ဟာဝိုင်ယီမီးတောင်ကနေထွက်ရှိတဲ့ ကျောက်မှာပါဝင်တဲ့အိုင်ဆိုတုပ်များနဲ့ တခြားကျောက်များမှအိုင်ဆိုတုပ်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့တာဖြစ်ပါတယ်။

**Ref: GI**

**ကိုထက်**

# တရုတ်နှင့်အမေရိကန်တို့ကြား တင်းမာမှုများရှိနေစဉ် နှစ်နိုင်ငံကြားကုန်သွယ်ရေးဆွေးနွေးပွဲကို လန်ဒန်မြို့၌ပြုလုပ်

**လန်ဒန်၊ စီးပွားရေး**

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား၌ တင်းမာမှုများရှိနေစဉ် နှစ်နိုင်ငံကြားကုန်သွယ်ရေးဆွေးနွေးပွဲကို ဗြိတိန်နိုင်ငံရှိ လန်ဒန်မြို့၌ ဇွန်လ ၉ ရက်မွန်းလွဲပိုင်းတွင်ပြုလုပ်ကြောင်း သိရသည်။


အဆိုပါဆွေးနွေးပွဲသို့ တရုတ်နိုင်ငံဘက်မှ ဒုတိယဝန်ကြီးချုပ် ဟီလိုင်ဖန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် အမေရိကန်နိုင်ငံဘက်မှ ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်ဆန့်၊ ကုန်သွယ်ရေးဝန်ကြီးဟောင်းဝပ်လတ်နစ်တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခြင်းဖြစ်သည်။

ထိုဆွေးနွေးပွဲ ပြီးသည်နှင့်ချက်ချင်း အမေရိကန်ဘက်မှချမှတ်ထားသော ပို့ကုန်ထိန်းချုပ်မှုများ ဖြေလျှော့ပေးလာနိုင်ဖွယ်ရှိကြောင်း၊ ထပ်မံ၍အသေးစိတ်ဆွေးနွေးမှုများလုပ်ဆောင်ရမည်ကို မျှော်လင့်ထားကြောင်း အိမ်ဖြူတော်မှ အမျိုးသားစီးပွားရေးကောင်စီ ညွှန်ကြားရေးမှူးကီဗင်ဟတ်ဆတ်က အင်တာဗျူးတစ်ခုတွင်ပြောသည်။

ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံကြားတွင် စီးပွားရေးနှင့်နည်းပညာယှဉ်ပြိုင်မှုသည် ပြင်းထန်လျက်ရှိရာ အရေးပါသောသတ္တုတွင်းထွက်ပစ္စည်းများနှင့် အဆင့်မြင့်နည်းပညာများအပေါ်ထိန်းချုပ်ကန့်သတ်ချက်များကို ဖြေလျှော့ပေးနိုင်မည်ဆိုပါက ကြီးမားသော အလှည့်အပြောင်းတစ်ခုဖြစ်လာစေမည်ဖြစ်သည်။

ယခုလုပ်ဆောင်သည့်ဆွေးနွေးမှုက ပြီးခဲ့သည့်သီတင်းပတ်တွင် နှစ်နိုင်ငံခေါင်းဆောင်များဖြစ်သည့် ရှီကျင့်ဖျင်နှင့်ထရမ့်တို့ကြား ဖုန်းဆက်ဆွေးနွေးပြီးနောက် ဆောင်ရွက်ခြင်းဖြစ်ကာ ယင်းသို့ဆွေးနွေးစဉ် နှစ်နိုင်ငံကြားတင်းမာမှုများကိုဖြေရှင်းနိုင်ရေးအတွက် ဆွေးနွေးမှုများလုပ်ရန် သဘောတူထားကြောင်းသိရသည်။

Ref: SCMP



# ရုရှားနှင့်ယူကရိန်းတို့က အသက် ၂၅ နှစ်အောက်အကျဉ်းသားများကို အပြန်အလှန်လဲလှယ်

**မော်စကို၊ နိုင်ငံရေး**

ရုရှားနှင့်ယူကရိန်းနိုင်ငံတို့သည် မကြာသေးမီကရရှိခဲ့သည့် သဘောတူညီချက်၏တစ်စိတ်တစ်ပိုင်းအရ ဇွန်လ ၉ ရက်တွင် အသက် ၂၅ နှစ်အောက်ရှိ အကျဉ်းသားများကို အပြန်အလှန်လဲလှယ်မှုလုပ်ကြောင်းသိရသည်။

ထိုလဲလှယ်မှုတွင် ယူကရိန်းဘက်က ထိန်းချုပ်ထားသောနယ်မြေများမှ ရုရှားစစ်သည်ပထမအသုတ်သည် ဘယ်လာရုစ်နိုင်ငံသို့ပြန်ရောက်လာပြီဖြစ်ပြီး အသက် ၂၅ နှစ်အောက်ရှိ ယူကရိန်းတပ်မတော်သားများကိုလည်း ပြန်လည်စေလွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။



ရုရှားနှင့်ယူကရိန်းတို့သည် ပြီးခဲ့သည့်သီတင်းပတ်တွင် အစ္စတန်ဘူမြို့၌ ဆောင်ရွက်သော မျက်နှာချင်းဆိုင်ဆွေးနွေးမှုတွင် ဒဏ်ရာပြင်းထန်စွာရရှိထားသူများ၊ ကျန်းမာရေးမကောင်းသူများ၊ အသက် ၂၅ နှစ်အောက်ရှိသူများကို လဲလှယ်ရန် သဘောတူခဲ့ကြောင်းသိရသည်။ Ref: RT

# ထိုင်းနှင့်ကမ္ဘောဒီးယားက ဗီဇာသက်တမ်းများကိုအပြန်အလှန်လျှော့ချ

**ဘန်ကောက်၊ ဆက်ဆံရေး**

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နိုင်ငံအတွင်း အခြားတစ်နိုင်ငံမှ နိုင်ငံသားများ၏ ပြည်တွင်းနေထိုင်နိုင်သော ဗီဇာသက်တမ်းများကို အပြန်အလှန်လျှော့ချလိုက်ကြောင်းသိရသည်။

ကမ္ဘောဒီးယားအစိုးရသည် ၎င်းတို့၏နိုင်ငံအတွင်း ထိုင်းနိုင်ငံသားများနေထိုင်ခွင့်ကာလကို ခုနစ်ရက်အထိ လျှော့ချသတ်မှတ်လိုက်သောကြောင့် ထိုင်းနိုင်ငံဘက်ကလည်း ကမ္ဘောဒီးယားကဲ့သို့ပင် မူဝါဒကိုပြင်ဆင်လိုက်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဇွန်လ ၉ ရက်တွင်ပြောသည်။

အဆိုပါနှစ်နိုင်ငံကြား နယ်စပ်ဒေသ၌ ပစ်ခတ်မှုများဖြစ်သည်အထိ တင်းမာမှုများမြင့်တက်လာပြီးနောက် ယခင်ကဗီဇာသက်တမ်းရက်ပေါင်း ၆၀ သတ်မှတ်ထားမှုကို ခုနစ်ရက်အထိလျှော့ချလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

Ref: Xinhua

## သတင်းတိုကဏ္ဍ

# ပူတင်နှင့်ထရမ့်တို့ကြား အလုပ်သဘောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ဟုဆို

ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ကြား၌ အလုပ်သဘောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ကြောင်းနှင့် လိုရင်းကို ထိထိမိမိဆွေးနွေးနိုင်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များကြား ဖုန်းဆက်ဆွေးနွေးပြီးနောက် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ဇွန်လ ၉ ရက်တွင် ပြောသည်။

ထရမ့်၏ ပထမအကြိမ် သမ္မတသက်တမ်းအတွင်း ပူတင်နှင့်ဆက်ဆံရေးက အလုပ်သဘောဆက်ဆံရေးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုတစ်ခေါက် ၎င်းတို့နှစ်ဦးကြားဖုန်းဆက်ဆွေးနွေးမှုတွင် အထူးတလည်ပြောဆိုမှုများမလိုအပ်ဘဲ လိုရင်းကို ထိရောက်စွာဆွေးနွေးနိုင်ကြောင်း၊ ယင်းကြောင့် အလွယ်တကူအလုပ်ဖြစ်ကြောင်း လက်ရော့က Future 2050 ဖိုရမ်၌ပြောသည်။

အဆိုပါခေါင်းဆောင်နှစ်ဦးကြား ဖုန်းဆက်ဆွေးနွေးမှုကို ဇွန်လ ၄ ရက်တွင် လုပ်ဆောင်ခြင်းဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ယူကရိန်းကိစ္စကိုဆွေးနွေးသည်ဟုသိရသည်။ Ref: Sputnik

# အိုကီနာဝါရှိ အမေရိကန်လေတပ်စခန်း၌ ပေါက်ကွဲမှုဖြစ်ပွား

ဂျပန်နိုင်ငံတောင်ပိုင်းစွန်း အိုကီနာဝါစီရင်စုရှိ အမေရိကန်လေတပ်စခန်းတစ်ခုဖြစ်သော ကာဒီနာလေတပ်စခန်းတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားကြောင်းနှင့် လူလေးဦး ဒဏ်ရာရရှိသွားကြောင်း ဒေသတွင်းသတင်းဌာနများကဖော်ပြသည်။

ထိုပေါက်ကွဲမှုသည် ဇွန်လ ၉ ရက်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး ဂျပန်တပ်မတော်က ပိုင်ဆိုင်သောခဲယမ်းတိုက်တစ်ခု၌ပေါက်ကွဲခြင်းဖြစ်ကြောင်းနှင့်ဂျပန်စစ်သည်လေးဦး ဒဏ်ရာရရှိခြင်းဖြစ်ကြောင်း NHK သတင်းဌာနကဖော်ပြထားသည်။

ဂျပန်စစ်သည်များသည် ဗုံးကိုသက်မဲ့ပြုလုပ်ရေးဆောင်ရွက်နေစဉ် အဆိုပါပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကာ မီးသတ်တပ်ဖွဲ့အနေဖြင့် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်းသတင်းရရှိသည်ဟု သတင်းဌာနကဆက်လက်ဖော်ပြထားသည်။

ဒဏ်ရာရရှိသူလေးဦးတွင် မည်သူမျှ စိုးရိမ်ရသည့်ဒဏ်ရာမရရှိကြောင်းနှင့် တာဝန်ရှိသူများက ပေါက်ကွဲမှုနှင့်ပတ်သက်၍ စစ်ဆေးမှုများလုပ်ဆောင်လျက်ရှိကြောင်းသိရသည်။ Ref: Xinhua

# မလေးရှား၌ ကျောင်းကားနှင့်အခြားယာဉ်တို့ တိုက်မိမှုဖြစ်ပွား၊ လူ ၁၅ ဦးသေဆုံး

မလေးရှားနိုင်ငံ၌ ကျောင်းသားများကို တင်ဆောင်လာသည့်ကျောင်းကားတစ်စီးနှင့်အခြားယာဉ်တစ်စီးတို့ တိုက်မိမှုဖြစ်ပွားရာ အနည်းဆုံးလူ ၁၅ ဦး သေဆုံးကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါယာဉ်တိုက်မှုသည် ပီရတ်ပြည်နယ်ရှိ အရှေ့-အနောက်အမြန်လမ်းမကြီး၌ နံနက်အစောပိုင်းတွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

ယာဉ်တိုက်မှုသည် ဇွန်လ ၉ ရက် နံနက် ၁ နာရီ ၁၀ မိနစ်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး အဆိုပါယာဉ်တိုက်မှု၌ လူ ၄၈ ဦးပါဝင်ကာ ၁၃ ဦးမှာ နေရာမှာပင် ပွဲချင်းပြီးသေဆုံးသွားကြောင်း၊ ဒဏ်ရာရရှိသူများထဲမှ နောက်ထပ်နှစ်ဦးမှာ ဆေးရုံတွင်သေဆုံးသွားကြောင်း ကာကွယ်ရေးတပ်ဖွဲ့၏ ထုတ်ပြန်ချက်ကိုကိုးကား၍ Bernama သတင်းဌာနကဖော်ပြထားသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ အဆင့်မြင့်ပညာရေးဝန်ကြီးဌာနအနေဖြင့် သေဆုံး၊ ဒဏ်ရာရရှိသူများ၏ မိသားစုများကို သင့်လျော်သလိုကူညီပေးရန် ဝန်ကြီးချုပ်ကညွှန်ကြားထားသည်။ Ref: Xinhua

# ရုရှားက ယူကရိန်း၏အကြမ်းဖက်လုပ်ရပ်အပေါ် လက်တုံ့ပြန်တိုက်ခိုက်မှုပြုလုပ်

ရုရှားတပ်မတော်သည် နိုင်ငံ၏လေတပ်ကိုတိုက်ခိုက်ခဲ့သည့် ယူကရိန်း၏ အကြမ်းဖက်လုပ်ရပ်အပေါ် လက်တုံ့ပြန်တိုက်ခိုက်မှုများပြုလုပ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇွန်လ ၉ ရက်တွင်ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်သီတင်းပတ်တွင် ရုရှား၏ လေတပ်စခန်းများကို ယူကရိန်းက ပစ်မှတ်ထားတိုက်ခိုက်မှုများလုပ်ဆောင်ပြီးနောက် ယခုလက်တုံ့ပြန်မှုတွင် ယူကရိန်း၏လေယာဉ်ကွင်းတစ်ခုကို တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယူကရိန်းတို့၏ အကြမ်းဖက်လုပ်ရပ်များတွင် ခရီးသည်တင်မီးရထားကို လမ်းချော်စေရန်ပြုလုပ်မှုပါဝင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ယခုလုပ်ဆောင်သည့်လက်တုံ့ပြန်တိုက်ခိုက်မှုတွင် ယူကရိန်း၏လက်နက်စက်ရုံများ၊ ခဲယမ်းတိုက်များ၊ အခြားစစ်ရေးပစ်မှတ်များကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ Ref: RT

# သဘာဝဘေးရှာဖွေကယ်ဆယ်ရေးအတွက် စုဖွဲ့ထားရှိသည့် တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ




**နေပြည်တော် ဇွန် ၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိရေလှောင်တမံ တမံကြံ့ခိုင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ရေထုတ်ပြွန်ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ဗဟိုမီးသတ်စခန်း၌ စုဖွဲ့ထားရှိသည့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန်အတွက် မီးစက်(5.5KVA) ၅ လုံး ပေးအပ်ကာ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် နေပြည်တော်ကောင်စီရုံးဝန်ထမ်းများနှင့် လက်ရည်တစ်ပြင်တည်း နေ့လယ်စာမိတ်ဆုံစားပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် အီသီယိုးပီးယားနိုင်ငံသား ၄၇ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၉**

အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့်အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၇ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်စဉ်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိ

**နေပြည်တော် ဇွန် ၉**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁-၆-၂၀၂၅ ရက် ည ၈ နာရီမှ ၈-၆-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၅၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၄၄ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# ၉-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

(Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၂၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအားလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “ကိုဖိုးဝ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒါရပ်ကွက်နေ ကျော်အာကာဝင်း(ခ)ဖိုးဝအား နံနက် ၁၀ နာရီခွဲတွင် ပေါင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နှစ်နိုင်ငံပြည်သူများ တရားဝင် ဝင်ထွက်မှုရှိစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရေးဆွေးနွေး



နေပြည်တော် ဇွန် ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်မြောက်ခဲ့မှုနှင့် နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှအသိုက်အဝန်းတည်ထောင်ဆောင်ရွက်ခဲ့မှု၊ နှစ်နိုင်ငံပြည်သူများ တရားဝင်နယ်စပ်ဂိတ်များမှ ဝင်ထွက်သွားလာမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်မှု၊ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှု လာရောက်ဆောင်ရွက်ကြသည့် တရုတ်နိုင်ငံသားများ၏ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာလုပ်ငန်းများ အဆင်ပြေစေရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ ပြန်လည်ပြည်နှင်လွှဲပြောင်းပေးမှုနှင့်နှစ်နိုင်ငံပြည်သူများ တရားဝင် ဝင်ထွက်မှုရှိစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရေး၊ ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဇွန် ၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲ Video Clip ကိုပြသကာ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌက ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာဆုများ ရွေးချယ်ခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ အလင်္ကာကျော်စွာ ဒါရိုက်တာပန်းချီစိုးမိုးက ဆုရဓာတ်ပုံများရွေးချယ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်နှင့် ဓာတ်ပုံပညာရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များကို ငွေကျပ် ၁၅ သိန်းစီချီးမြှင့်ကာ ပြသထားသည့် ပြိုင်ပွဲတွင်ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတွဲဖက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဓာတ်ပုံပညာရှင်များ၊ ဆုရစာပေပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ Kabaddi အားကစားအဖွဲ့ချုပ်နှင့်တွေ့ဆုံပြီး စနစ်တကျ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ အောင်မြင်မှုဆုတံဆိပ်များရရှိနိုင်ရေး၊ အားကစားသမားများ၏ စိတ်ဓာတ်ကောင်းမွန်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိခြင်းနှင့် တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၉

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့် အဖွဲ့များအနက် **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ နိုင်ငံရေးပါတီ ၁၇ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါတည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၇ ပါတီအနက် ဦးဘွာလ်ဆိုင်လိုခေါင်းဆောင်သည့် **ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)]** က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၆ ပါတီအနက် ပါတီ ၁၄ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ပြည်သူကို ရက်ရက်စက်စက်သတ်ဖြတ်တဲ့ NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့”** ခေါင်းစဉ်ဖြင့် ၁၁-၆-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်တွေကို စာပေသင်ကြားပေးနေတဲ့ ပညာရေးဝန်ထမ်းတွေကို အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
| --- | --- |
| နေပြည်တော် | ၂၆˚c / ၃၄˚c |
| ရန်ကုန် | ၂၅˚c / ၃၄˚c |
| မန္တလေး | ၂၆˚c / ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ညောင်ဦးမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**ညောင်ဦး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပစေရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၉ ရက်တွင် ညောင်ဦးမြို့ ကုန်းတန်းကြီး ကျေးရွာ မြန်မာ့မီးရထား(ပုဂံဘူတာ)ဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်တို့က စိုက်ပျိုးမည့်ပျိုးပင်များပေးအပ်သည်။ ထို့နောက် တက်ရောက်လာကြသူများက ရင်းမာ၊ မန်ကျည်း၊ တမာ၊ ပိတောက်၊ ကုက္ကို စသည့်ပျိုးပင်များအား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဒီပါလင်း**

# ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကျင်းပ

**သထုံ ဇွန် ၉**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး ဇွန်လ ၉ ရက်တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပကြသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးလိမ္မာရေး၊ အချိန်ကိုအကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာအပြင် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်၊ ဉာဏ်စမ်း၊ ပန်းချီပြိုင်ပွဲများကို ကျင်းပရာ အခြေခံပညာမူလတန်းလွန် (ဝါးတော) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြရာ ဆုရကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ချမ်းမြေ့**



# မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်စာကြည့်တိုက်များသို့ စာအုပ်စာစောင်များနှင့် ပရိဘောဂများ ထပ်ဆင့်ပေးအပ်လှူဒါန်း




**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းရရှိခဲ့သော စာအုပ်၊စာစောင်များနှင့် ပရိဘောဂများအား မြို့နယ်အတွင်းရှိရပ်ကွက်စာကြည့်တိုက်များသို့ ထပ်ဆင့်လှူဒါန်းပွဲကို ဇွန်လ ၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီဂီပြည့်ဖြိုးက စာအုပ်၊ စာစောင်များနှင့်ပရိဘောဂများ လှူဒါန်းပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသောစာအုပ်စာစောင်များကို မိမိတို့သက်ဆိုင်ရာ စာကြည့်တိုက်များ၌ စနစ်တကျရေးသွင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်အောင်မြင်ရေးအတွက် စာကြည့်တိုက်ကော်မတီများ၊ စာကြည့်တိုက်မှူးများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စာကြည့်တိုက်များကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်နှင့် ဒုတိယဦးစီးမှူး ဒေါ်သီဂီပြည့်ဖြိုးတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော စာကြည့်တိုက်တစ်တိုက်လျှင် စာအုပ်တင်သံစင်တစ်စင်၊ ပလတ်စတစ်ထိုင်ခုံရှစ်လုံးနှင့် သုတ၊ ရသ စာအုပ် ၄၁ အုပ်တို့ကို မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက်စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများအား ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ တက်ရောက်ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# သုံးခွမြို့နယ် မကျီးပင်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဇွန်လ ၉ ရက်တွင် မကျီးပင်ချောင် ကျေးရွာအုပ်စု မကျီးပင်ချောင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ သုံးခွမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလွင်ထွဏ်းက စီမံကိန်းအကြောင်းအရာများ၊ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၄၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မကျီးပင်ချောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၂၀၂ ဦးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ်သိန်း ၄၀၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **စိန်လွင်(ကျေးလက်)**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ယူနေမှုကို ကြည့်ရှုအားပေး



ဘားအံ ဇွန် ၉

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘားအံတက္ကသိုလ်၌ တက္ကသိုလ်ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်တွင်ပါရဂူတန်း၊ မဟာဘွဲ့၊ မဟာအရည်အချင်းစစ်၊ ဂုဏ်ထူးတန်းများ အပါအဝင် ကျောင်းသား၊ ကျောင်းသူ ၁၆၈၀ တက်ရောက်ပညာသင်ယူနေမှုကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်ကြားသင်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံပညာရေးဒီဂရီကောလိပ်၌ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် Dip.EP(ပြင်ပပုဂ္ဂိုလ်)သင်တန်းများတွင် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ စုစုပေါင်း ၇၆၀ တက်ရောက်ပညာသင်ယူနေမှုကိုလည်းကောင်း၊ နည်းပညာတက္ကသိုလ်(ဘားအံ)၌ မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရောနစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာစသည့် ဘာသာရပ်လေးခုတွင် ကျောင်းသား၊ ကျောင်းသူ ၂၄၀ တက်ရောက်ပညာသင်ယူနေမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ဘားအံ)၏ ၂၀၂၅-၂၀၂၆ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၈၄ ဦး တက်ရောက်ပညာသင်ယူနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးနှင့် ဒုတိယပါမောက္ခချုပ်များက သက်ဆိုင်ရာကောလိပ်၊ တက္ကသိုလ်၊ သိပ္ပံများအလိုက် ဘာသာရပ်များ သင်ကြားပို့ချပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ကောလိပ်၊ တက္ကသိုလ်၊ သိပ္ပံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပဲခူးမြို့ စာဖြေဌာန၌ ပါဠိပထမပြန် စာမေးပွဲဖြေဆိုနေမှုအား သွားရောက်ဖူးမြော်ကြည်ညို

ပဲခူး ဇွန် ၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယနေ့ နေ့လယ်ပိုင်းတွင် ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး ပဲခူးမြို့စာဖြေဌာန၌ ပါဠိပထမပြန်စာမေးပွဲဖြေဆိုနေမှုအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် စာမေးပွဲကြီးကြပ်နာယကဆရာတော်ကြီးများအား ဖူးမြော်ကန်တော့ပြီး နဝကမ္မအလှူငွေနှင့် အအေးဘူးများဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် စာမေးပွဲဖြေဆိုကြသည့် သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား အအေးဘူးများ ဆက်ကပ်လှူဒါန်းကြသည်။

ပဲခူးမြို့စာဖြေဌာန၌ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲအား ဇွန်လ ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး ယနေ့ ပါဠိပထမပြန်စာမေးပွဲတွင် စာဖြေသံဃာနှင့် သီလရှင် ၃၃၈ ပါးရှိကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




**မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ**

**လူမှုရေး/စီးပွားရေးကြော်ငြာများ (30 % Discount Off )**

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၆၇-၃၄၀၀၆၊ ၀၆၇-၃၄၀၀၈၊ ၀၆၂-၃၀၂၆၂၊ ၀၆၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၆၇-၃၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၆၇-၃၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**
ဓာနည်ထွန်း(ဘ)ဦးခင်မောင်ထွန်း ၁၂/သလန(နိုင်)၀၈၈၉၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၃၅၇၃၈

**ပျောက်ဆုံးကြောင်း**
မျိုးဝင်း(ဘ)ဦးတင်ဝင်း ၁၂/စခန(နိုင်)၀၅၈၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅

**ပျောက်ဆုံးကြောင်း**
အင်ကြင်းမွှေး(ဘ)ဦးကျော်လင်း ၈/ရနခ(နိုင်)၁၄၈၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 069123)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅

**ပျောက်ဆုံးကြောင်း**
အိလှိုင်(ဘ)ဦးသန်းနိုင် ၇/ရကန(နိုင်)၀၆၅၄၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅

**ပျောက်ဆုံးကြောင်း**
ဒေါ်ခင်နန်း(ဘ)ဦးမာမွန်း ၁၃/နခတ(နိုင်)၀၇၅၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
သင်းသင်းမာ(ဘ)ဦးလှရွှေ ၁၂/စခန(နိုင်)၀၅၉၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅

**ပျောက်ဆုံးကြောင်း**
သီသီအေး(ဘ)ဦးဘသိန်း ၁၀/ခဆန(နိုင်)၀၈၆၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
သဲစုနှင်း(ဘ)ဦးသိန်းကျော်ဦး ၁၀/ခဆန(နိုင်)၀၉၈၉၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
အိအိဖြိုး(ဘ)ဦးကျော်ထိုက် ၁၀/သထန(နိုင်)၂၂၄၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ကျော်ထွန်းဦး(ဘ)ဦးကျော်ဝင်း ၁၀/မဒန(နိုင်)၂၂၇၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်းဦး(ဘ)ဦးစိုးမြင့်(ခ)ဘဘု ၁၀/မလမ(နိုင်)၃၀၀၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
စန်းစန်းဝင်း(ဘ)ဦးသံချောင်း ၁၀/ကမရ(နိုင်)၀၉၁၂၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 119592)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မိချမ်းတလ(ဘ)ဦးအောင်မိုး ၁၀/ခဆန(နိုင်)၁၅၉၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
အိဇာလှိုင်(ဘ)ဦးအောင်ငွေး ၁၂/ပဇတ(နိုင်)၀၂၉၉၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၅၉၈၃၇၄၄

**ပျောက်ဆုံးကြောင်း**
ထူးဝေယံ(ဘ)ဦးကြည်မြင့် ၁၂/ဒဂဆ(နိုင်)၀၂၈၆၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၉၃၄၀၀၀၂

**ပျောက်ဆုံးကြောင်း**
ချိုချိုမာ(ဘ)ဦးသိန်းညွန့် ၁၂/သကတ(နိုင်)၁၃၄၃၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၄၁၅၈၇၀

**ပျောက်ဆုံးကြောင်း**
ချောစု(ဘ)ဦးအောင်ထွန်း ၇/ကဝန(နိုင်)၁၈၂၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၁၈၁၆၁၂၀

# တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း နို့တိုက်သတ္တဝါ ၆၇ မျိုးနှင့် ငှက်မျိုးစိတ် ၂၄၄ မျိုး ရှင်သန်ကျက်စားနေမှု မှတ်တမ်းတင်တွေ့ရှိ




တနင်္သာရီသဘာဝကြိုးဝိုင်းကိုတွေ့ရစဉ်။



တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း ကျက်စားလျက်ရှိသည့် ကြံ့သူတော်ကို တွေ့ရစဉ်။



တနင်္သာရီသဘာဝကြိုးဝိုင်း၌ ကင်မရာထောင်ချောက်တွင် အင်းကျားမျိုးစိတ်ကိုတွေ့ရစဉ်။



တနင်္သာရီသဘာဝကြိုးဝိုင်း၌ကင်မရာထောင်ချောက်တွင် သင်းခွေချပ်မျိုးစိတ်ကို တွေ့ရစဉ်။



တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း ကျက်စားလျက်ရှိသည့် အင်ဒိုနီးရှားကျားမျိုးစိတ်ကို တွေ့ရစဉ်။

**ရန်ကုန် ဇွန် ၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နှင့် ရေဖြူမြို့နယ်အတွင်းတည်ရှိသော တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း နို့တိုက်သတ္တဝါ ၆၇ မျိုးနှင့်ငှက်မျိုးစိတ် ၂၄၄ မျိုး ရှင်သန်ကျက်စားနေမှုကို မှတ်တမ်းတင်တွေ့ရှိရကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှသိရသည်။

အဆိုပါသဘာဝကြိုးဝိုင်းအတွင်း မျိုးတုံးရန် အန္တရာယ်ရှိနေသော အာရှဆင်၊ တောခွေးနှင့်မျိုးတုံးလုနီးရင်ဆိုင်နေရသည့် သင်းခွေချပ်အပြင် အင်းကျား၊ ကြံ့သူတော်၊ ကျားသစ်နက်၊ ကြောင်မြင်း၊ မလေးဝက်ဝံနှင့်အင်ဒိုချိုင်းနားကျား စသည့်မျိုးစိတ်များလည်း ရှင်သန်ကျက်စားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မျိုးတုံးရန်အန္တရာယ်ကျရောက်နိုင်သော ငှက်မျိုးစိတ်သုံးမျိုးနှင့် မျိုးတုံးရန်အန္တရာယ်ကျရောက်လုနီးပါးရင်ဆိုင်နေရသည့် ငှက်မျိုးစိတ် ၁၀ မျိုး အပါအဝင် ငှက်မျိုးစိတ်များစွာတည်ရှိနေသည်။

တိုင်းဒေသကြီးသစ်တောဦးစီးဌာနသည် တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း ကင်မရာထောင်ချောက်များတပ်ဆင်၍ ဇီဝမျိုးစုံမျိုးကွဲများနှင့်တောရိုင်းတိရစ္ဆာန်များကျက်စားနေထိုင်မှုကို သိရှိမှတ်တမ်းတင်နိုင်ရန်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းကို တိုင်းဒေသကြီး မြောက်ပိုင်းနှင့်အရှေ့ပိုင်းရှိ အပူပိုင်းမုတ်သုံသစ်တောဂေဟစနစ်များနှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် ၂၀၀၅ ခုနှစ် မတ်လ ၃၀ ရက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁၈/၀၅ ထုတ်ပြန်၍ သတ်မှတ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။


သစ်တာဦးစီးဌာနသည် သဘာဝကြိုးဝိုင်းအတွင်း အမာခံထိန်းသိမ်းရေးနယ်မြေ ၃၃၆၉၁၂ ဧက၊ ကြားခံထိန်းသိမ်းရေးနယ်မြေ ၇၉၉၅၂ ဧကနှင့် ဓာတ်ငွေ့ပိုက်လိုင်းထိန်းသိမ်းရေးနယ်မြေ ၃၂၁၃ ဧကဟူ၍ ဇုန်နယ်မြေများသတ်မှတ်ကာ စီမံအုပ်ချုပ်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းသည် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ဒေသခံအခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွင် အလားအလာရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်ပြီး ရေချိုအရင်းအမြစ်များစွာတည်ရှိနေသည့်အတွက် တောတွင်းခရီးသွားလာခြင်း၊ လေ့လာရေးနှင့်သုတေသနပြုလုပ်ငန်းများကိုလည်း အကျိုးပြုလျက်ရှိသည်။

**ကိုထိုက်**

**ဓာတ်ပုံ-တနင်္သာရီသဘာဝကြိုးဝိုင်း**







ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု

■ **ကျောဖုံးမှအဆက်**

စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့်လုပ်ငန်းသုံးပစ္စည်း (၁၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၉၀၁၆၀၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး၊ Dong Feng Tractor Head (၅)စီး၊ Mitsubishi Fuso Tractor Head (၁)စီး၊ Genlvon Tractor Head (၁)စီး၊ Shacman Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၈)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၈၉၀၁၆၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၂၆၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၈ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(4A, 45 –1)ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့်ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁၇ ဒသမ ၆၀၀)တန်၊ သစ်မာ (၃၁ ဒသမ ၅၇၅)တန်၊ အခြားသစ် (သုည ဒသမ ၇၇၉)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၆၅၅၉၃)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် **ဇွန်လ ၈ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၂၇)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၇၆)စီးဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ဇွန်လ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃၀)၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၅၀၇၂၁၉၃)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**မြဝတီ**

# နော်ဝေအသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် အီတလီအသင်းနည်းပြ စပယ်လက်တီ ရာထူးမှထုတ်ပယ်ခံရ




**ရောမ ဇွန် ၉**

အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ ဥရောပဇုန် အုပ်စုပွဲစဉ်အဖြစ်ကစားသည့် နော်ဝေအသင်းနှင့်ပွဲစဉ်တွင် ရှုံးနိမ့်ပြီးနောက် နည်းပြ စပယ်လက်တီကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ ဥရောပဇုန် အုပ်စုပွဲစဉ်အဖြစ် နော်ဝေအသင်းနှင့်အီတလီအသင်းတို့ကစားသည့်ပွဲစဉ်တွင် အီတလီအသင်းက ၃ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် နည်းပြစပယ်လက်တီကို ရာထူးမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီတလီအသင်းသည် နောက်ပိုင်းနှစ်များတွင် အောင်မြင်မှုများနှင့် ဝေးကွာနေခဲ့ရပြီး ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခြေစစ်ပွဲမအောင်မြင်ခဲ့သည့်အတွက် ပြိုင်ပွဲနှင့်လွဲချော်ခဲ့ရကာ ယူရို ၂၀၂၄ ပြိုင်ပွဲတွင်လည်း ခြေစစ်ပွဲမအောင်မြင်ခဲ့သည့်အတွက် ပြိုင်ပွဲနှင့် ထပ်မံလွဲချော်ခဲ့ရသည်။

ထို့ကြောင့် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခြေစစ်ပွဲမအောင်မြင်မည်ကို စိုးရိမ်သည့်အတွက် အုပ်စုအဖွင့်ပွဲစဉ်အပြီးတွင် နည်းပြစပယ်လက်တီကို ရာထူးမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြစပယ်လက်တီသည် ကလပ်အသင်းနည်းပြဘဝတွင် အီတလီစီးရီးအေထိပ်တန်းအသင်းကြီးများဖြစ်သည့် ရိုးမားအသင်း၊ အင်တာမီလန်အသင်းနှင့်နာပိုလီအသင်းတို့ကို ကိုင်တွယ်ပြီး အောင်မြင်မှုများရယူနိုင်ခဲ့သော်လည်း အီတလီအသင်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာလက စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ အသင်းကို ၂၃ ပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ၁၁ ပွဲအနိုင်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ခြောက်ပွဲသရေရလဒ်နှင့် ခြောက်ပွဲရှုံးနိမ့်သည့် ရလဒ်ရရှိခဲ့သည်။

အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြစပယ်လက်တီကို အီတလီအသင်းနည်းပြရာထူးမှထုတ်ပယ်ခဲ့သော်လည်း နည်းပြစပယ်လက်တီအနေဖြင့် လာမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ ဥရောပဇုန်အုပ်စုဒုတိယပွဲစဉ်အဖြစ်ကစားမည့် မော်ဒိုဗာအသင်းနှင့်ပွဲစဉ်ကို နောက်ဆုံးပွဲစဉ်အဖြစ် တာဝန်ယူကိုင်တွယ်လိုသည့်အတွက် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

*Ref;Goal.com*

# ဘာစီလိုနာအသင်းက ဂိုးသမား တာစတီဂျန်ကို ရောင်းချရန်ဆုံးဖြတ်

**ဘာစီလိုနာ ဇွန် ၉**

ဘာစီလိုနာအသင်းက နည်းပြ ဟန်ဆီဖလစ်နှင့် ဆက်ဆံရေးတင်းမာမှုများရှိနေသည့် ဂိုးသမား တာစတီဂျန်ကို လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဂိုးသမားတာစတီဂျန်သည် ၂၀၁၄ ခုနှစ်က ဂလာဘတ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဘောလုံးရာသီတိုင်းတွင် အဓိကဂိုးသမားအဖြစ် ပါဝင်ခွင့်ရရှိကာ ဘာစီလိုနာအသင်း ဆုဖလားများဆွတ်ခူးနိုင်ခဲ့ရာတွင် အရေးပါသည့် ကစားသမားအဖြစ်ပါဝင်ခဲ့သူဖြစ်သည်။

သို့သော် တာစတီဂျန်သည် ယခုဘောလုံးရာသီအစပိုင်းတွင် ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရပြီး ရာသီကုန်ဆုံးခါနီးတွင် ဒဏ်ရာမှပြန်လည်သက်သာလာခဲ့သော်လည်း နည်းပြဟန်ဆီဖလစ်က တာစတီဂျန်ကို ချန်လှပ်ပြီး ဂိုးသမားဆက်ဇနီကိုသာ ဦးစားပေးဂိုးသမားအဖြစ် အသုံးပြုနေသည့်အတွက် နည်းပြဟန်ဆီဖလစ်နှင့် ဂိုးသမားတာစတီဂျန်တို့ အကြားတွင် ဆက်ဆံရေးတင်းမာမှုများရှိနေသည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် ရောင်းချရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ပြင်သစ်အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားဖြစ်သည့် ဂီးရော့၏စံချိန်ကို အမ်ဘာတ်ပီလိုက်မီနိုင်ရန်နီးစပ်နေ

**ပဲရစ် ဇွန် ၉**

ပြင်သစ်အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် ဂီးရော့၏ သွင်းဂိုးစံချိန်ကို အမ်ဘာတ်ပီက လိုက်မီနိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

အမ်ဘာတ်ပီသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ်ကစားခဲ့သည့် ပြင်သစ်အသင်းက ဂျာမနီအသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသည့် ပွဲစဉ်၌ ပွဲချိန် ၄၅ မိနစ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပြင်သစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၅၀ ပြည့်မြောက်လာပြီးနောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ရန် နီးစပ်လျက်ရှိနေခြင်းဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် အမ်ဘာတ်ပီသည် ၂၀၁၇ ခုနှစ်မှစတင်ပြီး ပြင်သစ်အသင်းတွင် စတင်ပါဝင်ကစားခဲ့ကာ ပြိုင်ပွဲစုံ ပွဲပေါင်း ၉၀ ပြည့်ကစားပြီးချိန်တွင် သွင်းဂိုး ၅၀ပြည့်မြောက်လာခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ဂီးရော့က ၅၇ ဂိုးဖြင့် ထိပ်ဆုံး၌ ရပ်တည်နေပြီး ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် အွန်နရီက သွင်းဂိုး ၅၁ ဂိုးဖြင့် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိကာ အမ်ဘာတ်ပီက သွင်းဂိုး ၅၀ ဖြင့် တတိယနေရာ၌ ရပ်တည်လျက်ရှိနေသည့်အတွက် ဂီးရော၏စံချိန်ကို လိုက်မီနိုင်ရန်နီးစပ်နေသည်။

တိုက်စစ်ကစားသမားအမ်ဘာတ်ပီအနေဖြင့် လက်ရှိတွင် သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့သည့်အတွက် အွန်နရီ၏စံချိန်ကို မကြာမီ ကျော်ဖြတ်နိုင်ဖွယ်ရှိနေပြီး ယခုနှစ်အတွင်း ဂီးရော့၏စံချိန်ကို လိုက်မီနိုင်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fotmob*



# လီဗာပူးအသင်း တိုက်စစ်ကစားသမား ချီယေဆာ လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် စီးရီးအေသို့ ပြန်လည်ပြောင်းရွှေ့ရန်ကြိုးပမ်းလျက်ရှိ

**လန်ဒန် ဇွန် ၉**

လီဗာပူးအသင်းတိုက်စစ်ကစားသမား ချီယေဆာသည် လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် အီတလီစီးရီးအေပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် ချီယေဆာသည် ၂၀၂၄ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဂျူဗင်တပ်စ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ ပွဲစဉ်အနည်းငယ်သာကစားခွင့်ရရှိခဲ့သည့်အတွက် လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင် အီတလီစီးရီးအေပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ချီယေဆာသည် ယခုဘောလုံးရာသီအစပိုင်းက ဒဏ်ရာပြဿနာများကြောင့် ပွဲစဉ်အများစုကို လွဲချော်ခဲ့ပြီး ဒဏ်ရာမှပြန်လည်သက်သာလာချိန်တွင်လည်း ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသည့်အတွက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အီတလီစီးရီးအေပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ချီယေဆာသည် နည်းပြဆလော့လက်အောက်တွင် ပွဲအနည်းငယ်သာကစားခွင့်ရရှိခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခြောက်ပွဲသာ ပါဝင်ကစားခဲ့ရပြီး ပြိုင်ပွဲစုံ ၁၄ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ချီယေဆာသည် လီဗာပူးအသင်းတွင် ဆက်လက်ကစားမည်ဆိုပါက ပွဲကစားခွင့်နည်းပါးနေလျှင် အီတလီအသင်းတွင် ကစားခွင့်ရရှိရန် ရာခိုင်နှုန်းနည်းပါးနိုင်သည့်အတွက် ပုံမှန်ပွဲထွက်ခွင့်ရရှိမည့် အီတလီစီးရီးကလပ်အသင်းတစ်သင်းသို့ ပြန်လည်ပြောင်းရွှေ့ရန်ကြိုးပမ်းနေခြင်းဖြစ်ပြီး အသင်းဟောင်း ဖီအိုရင်တီးနားအသင်းသို့ ပြောင်းရွှေ့ကစားဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၂၈/မမ/CME | တိုးကြောင်ကလေး၊ ရွာသာကြီး၊ ပဲခူး၊ တောင်ငူ၊ ပြွန်တန်ဆာ၊ မလွကုန်းနှင့် သဃ်န်းကျွန်းဘူတာတို့တွင် အချက်ပြ ဆက်သွယ်ရေးစနစ်အတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားစနစ်ရရှိရေး Solar Hybrid System တပ်ဆင်ရန် Turnkey စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂ | ၁၂၉/မမ/CE | **ရန်ကုန်- မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း** ရန်ကုန်-ပဲခူးအပိုင်းတွင် (၂)ခန်းတွဲဝန်ထမ်းနေအိမ်(၁၁)လုံးတည်ဆောက်ခြင်း(30' x 36'Steel Structure, Brick Walling, ကွန်ကရစ်ကြမ်းခင်းလုပ်ငန်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၈-၇-၂၀၂၅)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၉-၆-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

### ပျောက်ဆုံးကြောင်း
သန်းထိုက်ဝင်း(ဘ)ဦးသီတာ ၁၄/ဟသတ(နိုင်)၃၅၈၃၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 334678)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၈၃၉၄၅၆၄**

### ပျောက်ဆုံးကြောင်း
ခန့်စည်အောင်(ဘ)ဦးဝင်းမင်းအောင် ၁၂/တမန(နိုင်)၁၃၈၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### အမည်မှန်
ကမာရွတ်မြို့နယ်၊ ဇင်ယော်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မောင်မုန်စွမ်းလျှန်၏အမည်မှန်မှာ မောင်မုံစွမ်းလျှန် ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးပုမ်ဇင် ၄/တတန(နိုင်)၀၀၁၇၅၈ ဖြစ်ပါကြောင်း။
**မောင်မုံစွမ်းလျှန်၊ ဦးပုမ်ဇင်**

### ပျောက်ဆုံးကြောင်း
နန်းနှင်းနွယ်(ဘ)ဦးထွန်းဝင်း ၃/ဘအန(နိုင်)၂၅၈၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 111299)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
ဇေယျာထွန်း(ဘ)ဦးမြင့်နိုင် ၉/သပက(နိုင်)၀၉၃၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 553581)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အင်္ဂလာအုပ်စု၊ အင်္ဂလာတောင်ရွာနေ မောင်မိုးဝင်း(ဘ)ဦးဝင်းမောင် ၁၄/ဓနဖ(နိုင်)၁၃၇၅၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၈၆၆၆၄၄၆**

### ပျောက်ဆုံးကြောင်း
ရေတာရှည်မြို့နယ်၊ ကဲလင်းဆိပ်ကျေးရွာနေ မောင်ဇေယျာဝင်း(ဘ)ဦးတင်စိုး ၉/လဝန(နိုင်)၂၂၂၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၁၅၆၁၂၅**

### ပျောက်ဆုံးကြောင်း
တပ်ကုန်းမြို့၊ အောင်မြေရိပ်သာရွာနေ ကိုဝင်းမင်းသန့်(ဘ)ဦးဖိုးဟံ ၉/တကန(နိုင်)၂၃၁၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 825014)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၈၆၄၅၈၈၁**

### ပျောက်ဆုံးကြောင်း
ဇော်ထွန်းဦး(ဘ)ဦးမောင်ညွန့် ၇/ဖမန(နိုင်)၂၁၂၇၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၇၉၈၀၀၉၂**

### ပျောက်ဆုံးကြောင်း
မုံရွာမြို့နေ မောင်ဇင်ကိုဝင်း(ဘ)ဦးမြင့်ငွေ ၅/မရန(နိုင်)၂၇၆၉၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၄၁၁၇၁၇၇၇**

### ပျောက်ဆုံးကြောင်း
စောမီဒိုအွာ(ဘ)ဦးစောလင်းအောင် ၃/ဘအန(နိုင်)၄၆၆၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 245740)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
အောင်မျိုးသော်(ဘ)ဦးတင်စိန် ၉/ပမန(နိုင်)၁၂၇၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဦးထိန်ဝင်း(ဘ)ဦးမောင်ရှိန် ၁၀/သဖရ(နိုင်)၀၇၁၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်နေ မောင်သိန်းနိုင်ဝင်း(ဘ)ဦးကြည်ဝင်း ၇/ပခန(နိုင်)၁၇၇၉၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၁၅၆၁၂၅**

### ပျောက်ဆုံးကြောင်း
ငပုတောမြို့နယ်၊ ဖျန်ရေကျော်ကျေးရွာနေ မသန့်သန့်မိုး(ဘ)ဦးခင်မြင့် ၁၄/ငပတ(နိုင်)၂၄၅၉၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၃၂၆၂**

### ပျောက်ဆုံးကြောင်း
ပွင့်ဖြူမြို့နေ ရဲသီဟထွန်း(ဘ)ဦးဝင်းထွန်း ၈/ပဖန(နိုင်)၁၃၆၂၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 140097)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၁၁၁၁၃၉၃**

### ပျောက်ဆုံးကြောင်း
နမ့်သင်းသင်းအေး(ဘ)ဦးထွန်းသောင်း ၁၄/ကကန(နိုင်)၀၉၄၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၈၃၂၁၀၂၀၈**

### ဖခင်အမည်မှန်
ဘားအံမြို့၊ အ.ထ.က ဇာသပြင် Grade(7) မှ မောင်အောင်လင်းထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်စီ ၃/ဘအန(နိုင်)၀၉၈၆၇၇ ဖြစ်ပါကြောင်း။
**ဦးအောင်စီ**

### ပျောက်ဆုံးကြောင်း
စောချောက်ကောချာ(ဘ)ဦးစောလင်းအောင် ၃/ဘအန(နိုင်)၅၅၉၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 245739)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ပျောက်ဆုံးကြောင်း
လုလုတင့်(ဘ)ဦးမောင်ရွှေ ၁၂/ရကန(နိုင်)၀၀၂၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### အစုရှယ်ယာလျှော့ချခြင်း
ကျွန်တော်များ၏ MEDIA 360 GROUP COMPANY LIMITED အား ဒါရိုက်တာအစုရှယ်ယာဝင် အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ရင်းနှီးငွေအား ကျပ်သိန်း(၁၀၀,၀၀၀,၀၀၀)ကျပ်တိတိမှ ကျပ်သိန်း(၅,၀၀၀,၀၀၀)ကျပ်တိတိသို့ လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ပါသည်။
**Media 360 Group Company Limited**
**09-5029388**

### ပျောက်ဆုံးကြောင်း
ပွင့်ဖြူမြို့၊ သာစည်ရပ်နေ မေနှင်းလွင်(ဘ)ဦးတင်ဝေ ၈/ပဖန(နိုင်)၁၃၆၄၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 156465)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၁၁၁၁၃၉၃**

### ပျောက်ဆုံးကြောင်း
ပွင့်ဖြူမြို့၊ သာစည်ရပ်နေ ဥမ္မာဖြိုး(ဘ)ဦးလှတိုး ၈/ပဖန(နိုင်)၁၂၀၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 552411)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၁၁၁၁၃၉၃**

**ပျောက်ဆုံးကြောင်း** အိအိသွေး(ဘ)ဦးငွေဝင်း ၁၄/ဟသတ(နိုင်)၂၅၀၅၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၀၁၁၇၈**

### အမည်ပြောင်း
ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘဦးဝါးလုံး၏သမီး ဒေါ်လှဲ ၁၃/တခလ(နိုင်)၀၅၉၁၁၂ အား ဒေါ်လှဲလှဲဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။
**ဒေါ်လှဲလှဲဝေ**

### ပျောက်ဆုံးကြောင်း
ရန်နိုင်အောင်(ဘ)ဦးအောင်ကျော်ဦး ၁၂/ဒလန(နိုင်)၀၉၁၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### အမည်မှန်
အထက(၂)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ ဦးကျော်စိုးမိုး ၁၄/ပသန(နိုင်)၁၆၉၇၆၇ ၏သမီး မနေခြည်လင်းလက်အား မနေရည်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မနေရည်လင်း**

### ပျောက်ဆုံးကြောင်း
စောလယ်လားထူး(ဘ)ဦးစောမိုးဇက်ထူး ၇/ရတရ(နိုင်)၁၁၄၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 389007)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဝင်းဝင်းငွေ(ဘ)ဦးကောင်းကျော်ခိုင် ၁၁/မပန(နိုင်)၀၈၄၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 542329)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၄၅၅၀၆**

### ဖခင်အမည်မှန်
ဘားအံမြို့၊ အ.ထ.က ဒုံရင်း(စိုက်ပျိုးရေးနှင့် မွေးမြူရေးကျောင်း) Grade-11 မှ စောဝေလျှံထက်၏ဖခင်အမည်မှန်မှာ ဦးစောထွန်းထွန်းဝင်း ၃/ဘအန(နိုင်)၂၄၉၄၄၂ ဖြစ်ပါကြောင်း။ **ဦးစောထွန်းထွန်းဝင်း**

### ပျောက်ဆုံးကြောင်း
နန်းမြသီတာ(ဘ)ဦးစဉ္စာဏ်စိန် ၃/ဘအန(နိုင်)၁၈၁၆၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 292697)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
ခင်ယုဝေ(ဘ)ဦးမောင်မြင့် ၉/နထက(နိုင်)၂၀၃၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ကက်သရင်း(ဘ)ဦးပေါလု ၂/လကန(နိုင်)၀၆၁၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၈၀၀၃၃၀၀**

### ပျောက်ဆုံးကြောင်း
ဖြိုးဖြိုးအောင်(ဘ)ဦးမျိုးညွန့် ၁၂/အစန(နိုင်)၂၃၂၈၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 943195)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၁၁၃၅၀၇**

### ပျောက်ဆုံးကြောင်း
မြတ်စုထွန်း(ဘ)ဦးမောင်မောင်ထွန်း ၁၂/ပဇတ(နိုင်)၀၀၁၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၄၄၉၉၀၄**

### ပျောက်ဆုံးကြောင်း
ကျော်စွာမြင့်(ဘ)ဦးထွန်းမြင့် ၁၂/လမန(နိုင်)၀၀၀၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၃၉၃၀၃၅၂**

### ပျောက်ဆုံးကြောင်း
ညောင်တုန်းမြို့နေ မခိုင်သောင်း(ဘ)ဦးကြည်သောင်း ၁၄/ညတန(နိုင်)၁၆၄၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 039904)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၁၁၁၁၃၉၃**

## နေပြည်တော်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် တည်ဆောက်မည့်လုပ်ငန်း(၁)ခုနှင့် တပ်ဆင်မည့်လုပ်ငန်း(၁)ခုတို့အား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

(က) နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် (၁)ခု ခြံစည်းရိုးကာရံခြင်းလုပ်ငန်း

(ခ) နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် (၁)ခု Fire Alarm System & Fire Protection System တပ်ဆင်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံ - ၁၀-၆-၂၀၂၅ ရက်
စတင်ရောင်းချမည့်ရက်နှင့်အချိန် နံနက်(၁၀:၀၀)နာရီ
အိတ်ဖွင့်တင်ဒါပုံစံ - ၂၄-၆-၂၀၂၅ ရက်
နောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် ညနေ(၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ကုသရေးဦးစီးဌာန ဖုန်းနံပါတ်-၀၆၇-၅၅၀၀၇၆ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စစ်ဆေးရေးကော်မတီ**
**နေပြည်တော်ကုသရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

OKKALAPA MIN COMPANY LIMITED
**စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိခန့်အပ်ကြောင်းကြေညာခြင်း**
**လူမှုခံယူခြင်းဆိုင်ရာဥပဒေ ၁၅၂(က)လူမှုခံယူခြင်းဆိုင်ရာနည်းဥပဒေ ၁၅ အရ**
**(ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

၁။ OKKALAPA MIN COMPANY LIMITED အား ကုမ္ပဏီတွင်ပါဝင်သူများ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၁၀ ရက်၊ ဇွန်လ၊ ၂၀၂၅ ခုနှစ်)ရက်နေ့တွင် ကျင်းပခဲ့သော သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးသိန်းလှိုင်ထွန်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)(MMAIP-00232)အား ခန့်အပ်သွားရန်ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၀ ရက်၊ ဇူလိုင်လ၊ ၂၀၂၅ ခုနှစ်)ရက်နေ့ထက်နောက်မကျစေဘဲ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသောသက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။
ဖော်ပြပါနေ့စွဲထက်နောက်ကျပြီး တင်ပြလာသောကြွေးမြီများအား ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးသိန်းလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)**
**စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ(MAIP-00232)**
**PAI Consultant Service**
**ရုံးခန်းလိပ်စာ= အမှတ် ၆/၈၊ အခန်း ၁၀၄၊ အထက်ပုဇွန်တောင်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၂၁၇၅၁၄၊ ၀၉-၇၇၄၇၈၈၈၄၆**

LWIN DEVELOPMENT COMPANY LIMITED
**စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိခန့်အပ်ကြောင်းကြေညာခြင်း**
**လူမှုခံယူခြင်းဆိုင်ရာဥပဒေ ၁၅၂(က)လူမှုခံယူခြင်းဆိုင်ရာနည်းဥပဒေ ၁၅ အရ**
**(ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

၁။ LWIN DEVELOPMENT COMPANY LIMITED အား ကုမ္ပဏီတွင်ပါဝင်သူများ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၁၀ ရက်၊ ဇွန်လ၊ ၂၀၂၅ ခုနှစ်)ရက်နေ့တွင်ကျင်းပခဲ့သော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးသိန်းလှိုင်ထွန်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)(MMAIP-00232)အားခန့်အပ်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို(၁၀ ရက်၊ ဇူလိုင်လ၊ ၂၀၂၅ ခုနှစ်)ရက်နေ့ထက်နောက်မကျစေဘဲ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသောသက်သေပြ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။
ဖော်ပြပါနေ့စွဲထက်နောက်ကျပြီးတင်ပြလာသောကြွေးမြီများအား ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးသိန်းလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)**
**စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ(MAIP-00232)**
**PAI Consultant Service**
**ရုံးခန်းလိပ်စာ= အမှတ် ၆/၈၊ အခန်း ၁၀၄၊ အထက်ပုဇွန်တောင်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၂၁၇၅၁၄၊ ၀၉-၇၇၄၇၈၈၈၄၆**


**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ**
**နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)အရ MAXWIN COMPANY LIMITED မက်(စ်)ဝင်း ရန်ကုန်ကုမ္ပဏီလီမိတက် ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၀၀၄၁၆၆၄၆(၂၉-၁၁-၂၀၁၆) ၏ ဖျက်သိမ်းခြင်းကို (၁၁-၇-၂၀၂၅)နေ့ နံနက် (၉:၀၀)နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းခြင်းနှင့် နောက်ဆုံးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံးမပျက်မကွက် အောက်ပါလိပ်စာအတိုင်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ရှေ့နေအမည် | - | ဦးရှင်ငြိမ်း<br>တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄) |
| ရှေ့နေလိပ်စာ | - | အမှတ်(၅၀)၊ ၅၆လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

**ပျောက်ဆုံးကြောင်း** မြင့်သောင်း(ဘ)ဦးထား ၇/ပတတ(နိုင်)၀၀၄၇၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၄၁၆၄၁၅**


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု
မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
“မှန်သည့် မြန်သည့် မြဝတီ”
~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, 2301452, 2301378
MPU
UnionPay


MWD
မီဒီယာစင်တာ
Theatre
Function Hall
Ball Room
Media Training
Meeting Room
ရရှိနိုင်သောဝန်ဆောင်မှုများ
မီဒီယို/ ရုပ်သံ ရိုက်ကူးထုတ်လုပ်သူများအတွက်...
အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့်
ခေတ်မီ Studio အခန်းများအသံဖမ်း Studio များကို
ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။
ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...
LED Screen ပါသည့် ပြဇာတ်ရုံနှင့်
11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား
ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။
No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက GDP တိုးတက်လာပြီး နိုင်ငံ၏ဘဏ္ဍာငွေ တိုးတက်ရရှိလာမည်ဖြစ် . . .**

❖ **ထုတ်လုပ်လိုက်သည့်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်များမြှင့်တင်နိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင်ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။



# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

တောင်ကြီး ဇွန် ၉

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ဘော်လီဘောအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရေး၊ မျိုးဆက်သစ်ရွက်ပုန်းသီး ဘော်လီဘောအားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကိုရည်ရွယ်ပြီး ကျင်းပသော ၂၀၂၅ ခုနှစ်

**စာမျက်နှာ ၉ ကော်လံ ၃ ○**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၇ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လွိုင်လင်-ဟိုပုံး-တောင်ကြီး ပြည်ထောင်စုကားလမ်းမ အနီးတစ်ဝိုက်၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နမ့်စန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၉)စီးပေါ်မှ တရားဝင်

**စာမျက်နှာ ၂၈ ကော်လံ ၁ ■**



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

## တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း နို့တိုက်သတ္တဝါ ၆၇ မျိုးနှင့် ငှက်မျိုးစိတ် ၂၄၄ မျိုး ရှင်သန်ကျက်စားနေမှု မှတ်တမ်းတင်တွေ့ရှိ

စာ - ၂၈ သို့





## ပေါင်းတည်မြို့နယ်၌ ဘဲမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

စာ - ၁၀ သို့

